မြန်မာ့အလင်း

၁၂၇၈ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၀ ရက်၊ ၂၀၀၆ ခုနှစ်၊ မတ် ၂၃ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၅)၊ အမှတ် (၁၇၄)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပါကစ္စတန်နိုင်ငံ သမ္မတထံ ဝမ်းမြောက် သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၆ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတ ဗိုလ်ချုပ်ကြီးပါဗက်ဇ် မူရှာရက်ဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်နှင့် နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်

တပ်မတော်ဆိုတာ နိုင်ငံတော်နဲ့ နိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်ဖို့ ဖွဲ့စည်းထားတာဖြစ်တယ်။ ဒါ့ကြောင့် နိုင်ငံတော်ရဲ့ မြေထု၊ ရေထု၊ လေထုပိုင်နက်နယ်နိမိတ်ကိုကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ကာကွယ် စောင့်ရှောက်ရမယ်။ နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားမှန်သမျှကို ကာကွယ်စောင့်ရှောက်ရမယ်။ နိုင်ငံသားတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်ကိုလုံခြုံအောင် ကာကွယ်စောင့်ရှောက်ကြရမယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၄၆)သင်တန်းဆင်းပွဲ မိန့်ခွန်းမှ –

လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူနိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ကမ္ဘာပေါ်တွင် RCC တမံ ၂၈၀ကျော်အနက် ကမ္ဘာ့အကြီးစား RCC တမံအဖြစ်ပါဝင်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း မန္တလေးတိုင်းရှိ စက်ရုံများနှင့် တည်ဆောက်ရေးစီမံကိန်းများစစ်ဆေး

ရန်ကုန် မတ် ၂၂

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ဒုတိယဝန်ကြီးများ၊တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မတ် ၁၉ ရက်နှင့် ၂၀ရက်တို့တွင် မန္တလေးတိုင်းအတွင်းရှိ စက်ရုံများနှင့် တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

စာမျက်နှာ ၈ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ မန္တလေးမြို့ မြစ်ငယ်မြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း ရေကာနံရံတည်ဆောက်ပြီးစီးမှု၊ ပင်မတမံ RCC ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ မတ်လ ၂၃ ရက်)

အရည်အသွေးရှိသောပစ္စည်းများ ကြိုးပမ်းထုတ်လုပ် စက်ရုံရေရှည်တည်တံ့ရေး ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသ ၂၄ ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ်စီမံကိန်းတို့ကို အချိတ်အဆက်မိမိ အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ၏ မြော်မြင်တွက်ဆနိုင်မှု၊ ကြံစည်အားထုတ်မှု၊ နိုင်ငံတော်အပေါ် စေတနာထားမှုတို့ကြောင့် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံးသည် အကြားအလပ်မကျန် တစ်ပြိုင်တည်း ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။

ပြည်သူများကိုအကျိုးပြုသည့် စီးပွားရေးအခြေခံများ၊ လမ်းပန်းဆက်သွယ်မှု အခြေခံများ၊ ဆည်မြောင်းတာတမံများ၊ စက်ရုံ၊ အလုပ်ရုံများသည် အခြေခံကျကျ လက်ညှိုးထိုးမလွဲ ပေါ်ပေါက်လာလျက်ရှိသည်။ ယင်းအခြေခံကောင်းများကို အသုံးပြု၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်ဆက်မပြတ် ဖော်ဆောင်သွားကြရမည် ဖြစ်သည်။

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် မင်းစုကျေးရွာအနီး၌ တည်ဆောက်ပြီးစီးသွားသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့်ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်း ကြွေရည်စိမ်နှင့် စတီးလ်အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု) ဖွင့်ပွဲအခမ်းအနားကို မတ်လ ၂၀ ရက်နေ့ နံနက်ပိုင်းက အဆိုပါစက်ရုံ၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ စက်ရုံဖွင့်ပွဲအခမ်းအနားတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာ၌-

"ယခု ဤခေတ်မီစက်ရုံကို နိုင်ငံတော်၏ အစီအမံဘောင်အတွင်းမှနေ၍ ဝန်ကြီးဌာနက တည်ဆောက်ပြီးဖြစ်ရာ စက်ရုံဝန်ထမ်းအဆင့်အားလုံးက သုံးစွဲသူကြိုက်နှစ်သက်သည့် အရည်အသွေးရှိသောပစ္စည်းများ ထုတ်လုပ်ရေး၊ ကုန်ကျစရိတ် လျှော့နည်းကျဆင်းရေး၊ အလေအလွင့် ထိန်းသိမ်းရေး၊ ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးမျှတရေး၊ စက်ရုံရေရှည်တည်တံ့ရေးတို့ကို တာဝန်သိသိ အလေးထားအကောင်အထည်ဖော်သွားရန်လိုကြောင်း၊ သို့မှသာ လူအများသုံးစွဲသည့် စတီးလ် အိမ်သုံးပစ္စည်းများ ပြည်ပမှတင်သွင်းနေရမှုကို ထိရောက်စွာ အစားထိုးနိုင်မှာ ဖြစ်ကြောင်း"

ပြောကြားသွားခဲ့သည်။

ဤစက်ရုံဖွင့်လှစ်နိုင်ခြင်းကြောင့် မန္တလေးတိုင်း ကျောက်ဆည်ဒေသအပါအဝင် တစ်နိုင်ငံလုံးမှ ပြည်သူများ အဆင့်အတန်းမြင့်သည့် ပြည်တွင်းဖြစ် ကြွေရည်စိမ်နှင့်စတီးလ်ပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူသုံးစွဲနိုင်တော့မည် ဖြစ်သည်။

ယခုအခါ မန္တလေးတိုင်းကိုအခြေပြု၍ ကုန်စည်ကူးသန်းရောင်းဝယ်မှုနှင့် ကုန်ထုတ်လုပ်မှုတို့သည် တိုးတက်ဖြစ်ထွန်းလျက်ရှိပြီး စက်မှုလုပ်ငန်းအသစ်များလည်း စုစည်းဖြစ်ပေါ်နေပြီဖြစ်သည်။ နိုင်ငံတော်၏ စီမံလမ်းညွှန်ပေးနိုင်မှုနှင့်အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာန အပါအဝင် ဝန်ကြီးဌာနများသည် မိမိတို့၏ လုပ်ငန်းများကို လက်တွေ့ကျကျ အောင်အောင်မြင်မြင် ကြိုးစားအကောင်အထည်ဖော်လျက်ရှိသည့်အတွက် အောင်မြင်မှုများ၊ အခြေခံကောင်းများ တစ်ခုပြီးတစ်ခု ရရှိနေခြင်းဖြစ်သည်။

ယင်းဖြစ်ထွန်းအောင်မြင်မှုများအပေါ် ပြည်သူလူထုအပိုင်းကလည်း ဝမ်းသာကျေနပ်မှုများဖြင့် နိုင်ငံတော်ကို အားပေးထောက်ခံလျက်ရှိကြသည်။ နိုင်ငံတော်နှင့်ပြည်သူ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်ဆောင်ရွက်နိုင်လျက်ရှိသည့်အတွက် နိုင်ငံတော်၏ အနာဂတ်သည် ပိုမိုခိုင်မာလာလျက်ရှိသည်။

ပြည်သူများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်၏မနားမနေ ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်မှုအပေါ် ပြည်သူများအပိုင်းကလည်း တီထွင်ကြံဆမှု၊ ကြိုးစားအားထုတ်မှု၊ ညီညွတ်မှုတို့ဖြင့် တက်တက်ကြွကြွ တုံ့ပြန်ခြင်းဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သွားကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ စက်ရုံဝန်ထမ်းအဆင့်ဆင့်အနေဖြင့် သုံးစွဲသူနှစ်ခြိုက်သည့် အရည်အသွေးရှိသော ပစ္စည်းများ ကြိုးပမ်းထုတ်လုပ်သွားကြရန်နှင့် နိုင်ငံတော်၏ စေတနာဖြင့် ပေါ်ထွန်းလာသည့် စက်ရုံများ ရေရှည်တည်တံ့စွာ လည်ပတ်နိုင်ရေးအတွက် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် တိုက်တွန်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် လွိုင်ကော်မြို့ သီတာကတ္တရာလမ်းဖွင့်ပွဲ တက်ရောက်

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် မတ်၁၈ရက်က ကယားပြည်နယ် လွိုင်ကော်မြို့နယ် ၃မိုင် ပကြံစံပြကျေးရွာရှိ ဇေယျာသိန္ဓိကျောင်းတိုက်သို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒိမာအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကျောင်းဓမ္မာရုံ၌ ကျေးရွာလူထုနှင့် တွေ့ဆုံရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ စည်းရုံးရေးမှူး ဦးဒေးရယ်က ကျေးရွာလူထုကိုယ်စား ကျေးရွာနှင့်စပ်လျဉ်း၍ တင်ပြပြီး ဗဟိုအလုပ်အမှုဆောင်က အမှာစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်က ထီးတကူအခြေခံပညာ မူလတန်းလွန်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာရီးယာထံ ဗလာစာအုပ် ဒါဇင်တစ်ရာနှင့် ကျေးရွာရပ်မိရပ်ဖများထံ အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် ကျေးရွာလူထုက တင်ပြသည့် လမ်းပြုပြင်မည့်နေရာကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

(အပေါ်ပုံ)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်နှင့် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်သူရအောင်ကိုတို့သည် မတ်၁၉ရက်တွင် (၆၁) နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ကယားပြည်နယ် လွိုင်ကော်မြို့ သီတာ ကတ္တရာလမ်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။ ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနီထွန်းက ကတ္တရာလမ်းအကြောင်းကို ရှင်းလင်းတင်ပြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ လမ်းကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် ဒီမောဆိုမြို့နယ် ဝီသဲကူး(တောင်)ရွာသို့ ရောက်ရှိကြပြီး (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၃ကီလိုဝပ် ရေအားလျှပ်စစ်စက်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အားပေးကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍လျှပ်စစ်စက်ကို ဖွင့်လှစ်ပေးပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်များသည် လျှပ်စစ်စက်ကို ကြည့်ရှုကြသည်။

လှူဒါန်း

ထို့နောက် ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံပြီး တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့က အမှာစကား ပြောကြားကြသည်။ ဆက်လက်၍ တိုင်းမှူးက ဒေသခံပြည်သူများအတွက် အဝတ်အထည်များနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ဗလာစာအုပ်ဒါဇင် ၁၀၀ နှင့် ငွေကျပ် လေးသိန်းတို့ကို လှူဒါန်းကြသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၂၃-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၀၀ ၈။ မျိုးချစ်တပ်မတော်
၅း၄၀ ၉။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ ကာတွန်းအစီအစဉ် **"ပါကျဲ"** (အပိုင်း-၂၅)
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်ထုံးရယ်မပြယ်"** (အပိုင်း-၂၆)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ် **"သားကောင်းမိခင်"** (အပိုင်း-၁)

လှိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော နယ်လှည့်စာကြည့်တိုက်၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို မတ် ၁၀ ရက်က အမှတ် (၁) ရပ်ကွက် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပရာ မြို့နယ်စာကြည့်တိုက်မှူးဒေါ်ဝင်းဝင်းရီနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးခင်မောင်အေးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

လူ့အခွင့်အရေးကို ခုတုံးလုပ်အသုံးချနေတဲ့ အမေရိကန်ရဲ့မူဝါဒနဲ့ ပြတ်ပြတ်သားသားလမ်းခွဲသင့်ပြီ

စာဖတ်သူတစ်ဦး

ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းမှာ "ကုလသမဂ္ဂအဖွဲ့ကြီးသည် အဖွဲ့ဝင် နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာပိုင်ဆိုင်ခွင့်သည် တန်းတူညီတူ ရှိသည်ဟူသောမူကို အခြေခံသည်။ နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာ အာဏာစီရင်ပိုင်ခွင့်ရှိသော ကိစ္စရပ်များတွင် ကုလသမဂ္ဂ အဖွဲ့ကြီးအနေဖြင့် ဝင်ရောက်စွက်ဖက်ပိုင်ခွင့်မရှိစေရ"လို့ ဖော်ပြထားပါတယ်။

၁၉၈၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ကျင်းပခဲ့တဲ့ ကုလသမဂ္ဂ အထွေထွေညီလာခံမှာ နိုင်ငံများ၏ ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်စွက်ဖက်ခြင်းကို ဆန့်ကျင်ဟန့်တားရေး ကြေညာစာတမ်းကို ဆုံးဖြတ်ချက်အမှတ် (၃၆/၁၀၃)ဖြင့် ချမှတ်အတည်ပြုခဲ့ပါတယ်။ အဲဒီ ကြေညာစာတမ်းမှာ **"နိုင်ငံတိုင်းသည် အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန်အလို့ငှာ လူ့အခွင့်အရေးပြဿနာများအား မမှန်မကန် အသုံးချခြင်းကို ရှောင်ကြဉ်ရမည်။ နိုင်ငံတိုင်းသည် နိုင်ငံအချင်းချင်း သို့မဟုတ် နိုင်ငံအစုအဖွဲ့အချင်းချင်း တည်ငြိမ်မှုပျက်ပြားအောင်၊ ယုံကြည်မှု ပျက်ပြားအောင် အကျပ်ကိုင်လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ရမည်"**လို့ လူ့အခွင့်အရေးပြဿနာနဲ့ ပတ်သက်ပြီး အထူးဖွင့်ဆို ရှင်းလင်းဖော်ပြ ထားခဲ့ပါတယ်။

ဖော်ပြပါအချက်တွေကို ထောက်ရှုရင် အမေရိကန်အစိုးရ နိုင်ငံခြားရေးဌာနက နှစ်စဉ်ထုတ်ပြန်နေတဲ့ လူ့အခွင့်အရေးအစီရင်ခံစာဆိုတာဟာ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ ကုလသမဂ္ဂ ကြေညာစာတမ်းနဲ့ ကုလသမဂ္ဂရဲ့ ဆုံးဖြတ်ချက်တွေကို ဖောက်ဖျက်ကျူးလွန်နေတာဖြစ်ကြောင်း ပေါ်လွင်ထင်ရှားနေပါတယ်။

ဒါကြောင့်မို့ "အမှန်စင်စစ် လူ့အခွင့်အရေးဆိုသည်မှာ နိုင်ငံတစ်နိုင်ငံချင်းနှင့် နိုင်ငံအားလုံးက မိမိပြည်တွင်း၌ အခြေအနေပိုမိုကောင်းမွန်အောင် မိမိတို့ဘာသာ ကြိုးပမ်းဆောင်ရွက်သွားရမည့် ကိစ္စရပ်များသာဖြစ်ကြောင်း၊ လူသားတို့၏ ဘဝတိုးတက်ယဉ်ကျေးရန်၊ လူ့အခွင့်အရေး ပိုမိုတိုးတက်လာရန်မှာ နိုင်ငံအားလုံး၏ မူလတာဝန်များပင်ဖြစ်ကြောင်း၊ လူ့အခွင့်အရေးကိုလည်း လေးစားလိုက်နာ ကာကွယ်စောင့်ရှောက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လူမှုဘဝတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အခြားနိုင်ငံများသို့ မိမိ၏ နိုင်ငံရေးသဘောတရားကို လက်နက်သဖွယ် အသုံးချပြီး အတွေးအခေါ်ရိုက်သွင်းခြင်းထက် နိုင်ငံတကာ ပူးပေါင်းမည့် သဘောထားဖြင့် ပူးပေါင်းဆောင်ရွက်သင့်ကြောင်း၊ အမေရိကန်အစိုးရအနေဖြင့် လူ့အခွင့်အရေးကိစ္စများ၌ နိုင်ငံတကာနှင့်ပြဿနာဖြစ်အောင် လှုံ့ဆော်နေမှုများကို ရပ်တန်းက ရပ်သင့်ကြောင်း" တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီသတင်းနှင့် ပြန်ကြားရေးဌာနက ၂၀၀၆ ခုနှစ် မတ်လ ၉ ရက်နေ့မှာ ထုတ်ပြန်ကြေညာ လိုက်ပါတယ်။

အခုရက်ပိုင်းအတွင်းမှာပဲ ကနေဒါနိုင်ငံမှ အထက်လွှတ်တော် အမတ်တစ်ဦးက အမေရိကန်အစိုးရရဲ့ နိုင်ငံခြားရေးမူဝါဒကို ပြင်းပြင်းထန်ထန် ဝေဖန်လိုက်ပြီး အမေရိကန်စစ်တပ်ဟာ အီရတ်နိုင်ငံမှာ အပြစ်ကင်းမဲ့သူ ပြည်သူတွေကို အစုလိုက် နေ့စဉ်သတ်ဖြတ်နေတဲ့ ရာဇဝတ်မှု ကျူးလွန်နေတယ်လို့ စွပ်စွဲလိုက်တဲ့ သတင်းတစ်ပုဒ်ကို ဖတ်ရပါတယ်။ အီရတ်ပြည်သူများကို အစုလိုက် နေ့စဉ်သတ်ဖြတ်နေမှု၊ အမေရိကန် အကျဉ်းစခန်းများတွင် အကျဉ်းသားများ၊ အထူးသဖြင့် လူမည်းများကို သတ်ဖြတ်နေမှု၊ အမေရိကန်ပြည်သူများကို သေနတ်များရောင်းချနေမှုနှင့် ကမ္ဘာတစ်ဝန်း မတည်မငြိမ်ဖြစ်စေရန် လုပ်ဆောင်နေသည့် အမေရိကန်အစိုးရ၏ နိုင်ထက်စီးနင်းဆန်သည့် မူဝါဒများသည် ကမ္ဘာတစ်ဝန်းတွင် အမေရိကန်နိုင်ငံ ကျူးလွန်နေသည့် ပြစ်မှုများဖြစ်တယ်လို့ ကနေဒါ အထက်လွှတ်တော်အမတ်က ထုတ်ဖော်ပြောကြားသွားတာ ဖြစ်ပါတယ်။

အဲဒီပြောဆိုမှုနဲ့ မရှေးမနှောင်းမှာပဲ အမေရိကန်နဲ့ အပေါင်းပါတွေရဲ့ အီရတ်ကျူးကျော်စစ် သုံးနှစ်မြောက် အချိန်ကာလ ရောက်လာချိန်မှာ အမေရိကန်၊ ဥရောပနဲ့ ကမ္ဘာ့နိုင်ငံအချို့မှာ ပြည်သူတွေက အီရတ်စစ်ပွဲဆန့်ကျင်ရေးဆန္ဒပြပွဲတွေကို ဆင်နွှဲနေကြတယ်ဆိုတဲ့ သတင်းကိုလည်း ဖတ်ရှုလိုက်ရပါတယ်။ အမေရိကန်သမ္မတဘုရှ်ကတော့ အီရတ်စစ်ပွဲဆင်နွှဲတာဟာ မှန်ကန်တဲ့လုပ်ရပ်ဖြစ်တယ်လို့ စောဒကတက်နေဆဲဖြစ်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီး ဒေါ်နယ်ရမ်းစဖဲလ်က ဝါရှင်တန်ပို့စ် သတင်းစာရဲ့ ထင်မြင်ချက်ကဏ္ဍမှာ အီရတ်ရှိ အမေရိကန်တပ်ဖွဲ့တွေကို အလျင်အမြန်ရုပ်သိမ်းပေးလိုက်ရင် အီရတ်နိုင်ငံကို အကြမ်းဖက်သမားတွေက သိမ်းယူကြလိမ့်မယ်လို့ သတိပေးရေးသားထားတယ်လို့ သိရပါတယ်။

အီရတ်ကျူးကျော်စစ်နဲ့ ပတ်သက်ပြီး အမေရိကန်ကာကွယ်ရေးဝန်ကြီးရဲ့ အဲဒီကောက်ချက်ဟာ အမေရိကန်တို့ရဲ့ အတင်းအဓမ္မ ဒီမိုကရေစီသွတ်သွင်းလိုမှု မူဝါဒကြောင့် စစ်တလင်းဖြစ်နေတဲ့ အီရတ်နိုင်ငံမှာ နောက်ထပ်သွေးချောင်းစီးမယ့် ပြည်တွင်းစစ်ဖြစ်လာနိုင်တယ်လို့ ဝန်မခံရုံဘဲ ရှိပါတော့တယ်။ အီရတ်ဝန်ကြီးချုပ်ဟောင်း အာလာဝီကတော့ အီရတ်နိုင်ငံမှာ ပြည်တွင်းစစ်ဖြစ်နေပြီး အစိတ်စိတ်အမြွှာမြွှာပြိုကွဲတော့မယ့် ကံကြမ္မာနဲ့ ရင်ဆိုင်နေရကြောင်း ဖွင့်ဟပြောကြားလိုက်ပါတယ်။

အာလာဝီက "တစ်ရက်တစ်ရက်ကို ပျမ်းမျှ လူလေးငါးခြောက်ဆယ်လောက် သေနေတာကိုမှ ပြည်တွင်းစစ်ဖြစ်နေပြီလို့ မပြောရင် ပြည်တွင်းစစ်ဆိုတာ ဘာကိုခေါ်သလဲလို့ ပြောကြစမ်းပါ။ အီရတ်နိုင်ငံရဲ့ လက်ရှိအခြေအနေတွေအတွက် အမေရိကန်အစိုးရမှာ တာဝန်ရှိတယ်။ အမေရိကန်တို့ ကျူးလွန်ခဲ့တဲ့အမှားကြောင့် အီရတ်နိုင်ငံမှာ လူမျိုးတုံး သတ်ဖြတ်မှုတွေ ဆိုက်ရောက်လာနေတယ်"လို့ ဘီဘီစီနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောကြားသွားတာ ဖြစ်ပါတယ်။

အီရတ်နိုင်ငံမှ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ရပ်တွေနဲ့ ဆက်စပ်ပြီး သင်ခန်းစာယူဖွယ်ရာ အမှာစကား တစ်ရပ်ကိုလည်း လေ့လာ ဖော်ပြလိုပါတယ်။ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

"လူထုဝါဒဖြစ်သော ဒီမိုကရေစီစနစ်နှင့် လူအုပ်စုဝါဒဖြစ်သော (Mobocracy)၊မင်းမဲ့စရိုက်ဖြစ်သော (Anarchism)တို့သည် အလွန်ပါးလွှာသည့် စည်းဖြင့်ခြားထားသော အယူဝါဒဖြစ်ရာ ဥပဒေ စည်းကမ်းဖြင့် ထိန်းသိမ်းမှုမရှိလျှင် တစ်ခုမှတစ်ခုသို့ အလွယ်တကူကူးပြောင်းသွားနိုင်ကြောင်း၊ ဒီမိုကရေစီဟုကြွေးကြော်ရင်း လူအုပ်စုဖွဲ့ ရမ်းကားမှုများ၊ လူအုပ်စုဖြင့် အနိုင်ကျင့်မှုများမှတစ်ဆင့် ဥပဒေကင်းမဲ့ပြီး စည်းမဲ့စရိုက် ဆူပူရမ်းကားမှုများ ဖြစ်ပေါ်တတ်သည့်သဘာဝကို နိုင်ငံတကာမှာရော မိမိတို့နိုင်ငံမှာပါ တွေ့မြင်ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာ၌ လူအုပ်စုဝါဒ (Mobocracy)နှင့် မင်းမဲ့စရိုက်ဝါဒ (Anarchism)တို့နှင့် ကွဲကွဲပြားပြားရှိစေရအောင် ဥပဒေ စည်းကမ်း ထိန်းသိမ်းမှုဖြင့် ပြန်လည်တည်ဆောက် ထူထောင်ကြရန် လိုကြောင်း၊ ထို့ကြောင့် နောင်တစ်ချိန်တွင် တိုင်းပြည် တည်တည်ငြိမ်ငြိမ် အေးအေးချမ်းချမ်းဖြင့် ဖွံ့ဖြိုးတိုးတက် တည်တံ့ခိုင်မြဲစေရေး ရည်မှန်းပြီး လူအုပ်စု ဝါဒ(Mobocracy)နှင့် မင်းမဲ့စရိုက်ဝါဒ (Anarchism) တို့ ရောထွေး ဝင်ရောက်မလာရအောင် စည်းခြားပြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း"

၂၀၀၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့က ရန်ကုန်မြို့ ပြည်သူ့လွှတ်တော် အဆောက်အအုံ မင်္ဂလာခန်းမမှာ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းသား၊ သင်တန်းသူများအား ဩဝါဒစကား မြွက်ကြားရာမှာ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရဲ့ ဒီမိုကရေစီစနစ် ဖော်ဆောင်ကျင့်သုံးမှုကို လေ့လာကြည့်ရင် မိမိနိုင်ငံရဲ့ သမိုင်းအစဉ်အလာ၊ လက်ရှိပကတိအခြေအနေများနဲ့ လိုက်လျောညီထွေမှုလည်းရှိအောင်၊ မိမိနိုင်ငံရဲ့ အကျိုးစီးပွားကို အကောင်းဆုံး ဖော်ဆောင်ပေးနိုင်အောင်၊ ဒီမိုကရေစီ အနှစ်သာရလည်း ပြည့်ဝအောင် တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်အကောင်အထည်ဖော်ပေးနေကြောင်း တွေ့ရှိနိုင်ပါတယ်။

၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၂၁ ရက်က ဆလိုဗက်နိုင်ငံ ဘရာတစ္စလာဗာမြို့မှာ အမေရိကန် သမ္မတဘုရှ်နဲ့ ရုရှားသမ္မတပူတင်တို့ တွေ့ဆုံခဲ့ကြပါတယ်။ အဲဒီ တွေ့ဆုံပွဲအပြီး သတင်းစာရှင်းလင်းပွဲမှာ ရုရှားသမ္မတက "ရုရှားနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံအဖြစ် ထူထောင်ရာမှာ မိမိနည်းမိမိဟန်ဖြင့်သာ လုပ်ဆောင်သွားမှာဖြစ်ကြောင်း၊ အခြားသော နိုင်ငံများအနေနဲ့ ၎င်းတို့ရဲ့ နိုင်ငံခြားရေးမူဝါဒ ရည်မှန်းချက်များအတွက် ရုရှားနိုင်ငံ၏ ဒီမိုကရေစီကို ပုတ်ခတ်ဝေဖန်မှု မပြုလုပ်သင့်ကြောင်း၊ ဒီမိုကရေစီရဲ့ အခြေခံသဘောတရားများနဲ့ ဖွဲ့စည်းတည်ဆောက်မှုများဟာ ရုရှားပြည်သူတို့ရဲ့ လူနေမှုဘဝရဲ့ ပကတိဖြစ်စဉ်များနဲ့အညီသာ ဖြစ်သင့်ကြောင်း၊ မိမိတို့ရဲ့ ရိုးရာအစဉ်အလာများ၊ သမိုင်းကြောင်းများနဲ့ လျော်ကန်သင့်မြတ်တဲ့ ဒီမိုကရေစီပုံစံကိုသာ ကျင့်သုံးရ မှာဖြစ်ကြောင်း၊ အခြားနိုင်ငံတွေရဲ့ ဒီမိုကရေစီကို ပုံတူကူးချလိမ့်မည်မဟုတ်ကြောင်း" ရှင်းလင်းပြတ်သားစွာ ပြောကြားသွားပါတယ်။

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး ဆိုတာတွေကို အသံဟောင်းဟစ်၊ တစ်ကမ္ဘာလုံးမှာ ကယ်တင်ရှင်ကြီးပမာလုပ်ပြီး စစ်ပွဲတွေခင်းကျင်း၊ အချင်းချင်း မညီမညွတ်ဖြစ်အောင်လုပ်၊ ရုပ်သေးအစိုးရတွေတင်ပြီး ဩဇာလွှမ်းမိုးဖို့ ကြိုးပမ်းနေတဲ့ အမေရိကန်အစိုးရရဲ့လုပ်ရပ်ကို အမေရိကန်ပြည်သူတွေ ကိုယ်တိုင်ကလည်း မလိုလား မနှစ်သက်ကြပါဘူး။ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တပ်ဖွဲ့ဝင် ငါးသောင်းခွဲ သေဆုံးခဲ့ပြီး ဒဏ်ရာရသူတွေ သိန်းနဲ့ချီရှိကာ နောက်ဆုံးမှာ အရေးနိမ့်ပြီး အမေရိကန်တပ်တွေ ဗီယက်နမ်က ဆုတ်ခွာခဲ့ရပါတယ်။ ဒါကြောင့်မို့ ဗီယက်နမ် စစ်ပွဲပြီးကတည်းက အမေရိကန် နိုင်ငံသားတွေက အမေရိကန်ဟာ သူများနိုင်ငံရဲ့ ပြည်တွင်းရေး ကိစ္စတွေမှာ ဝင်မပါဘဲ လက်ရှောင်သင့်ပြီဖြစ်ကြောင်း သုံးသပ်ပြောဆိုလာခဲ့ကြပါတယ်။ စစ်တမ်းတွေအရ ၁၉၆၄ ခုနှစ်မှာ အမေရိကန် ၁၈ ရာခိုင်နှုန်းကသာ ဝေဖန်သုံးသပ်နိုင်ခဲ့ကြပြီး ၂၀၀၅ ခုနှစ်မှာ ၄၂ ရာခိုင်နှုန်း အထိ ဝေဖန်သုံးသပ်လာကြကြောင်း သိရပါတယ်။

ဗီယက်နမ်စစ်ပွဲပြီးလို့ နှစ်ပေါင်း ၃၀ ကျော်ကာလရောက်မှ ထိုစဉ်က အမေရိကန်သမ္မတ ဂျွန်ဆင်၊ နစ်ဆင်နဲ့ ကာကွယ်ရေးဝန်ကြီး မက္ကနာမာရာ့တို့က ဗီယက်နမ်စစ်ပွဲဆင်နွှဲခဲ့တာ မှားပါတယ်လို့ လူသိရှင်ကြား ဝန်ခံပြောကြားခဲ့ကြပါတယ်။ အခုလည်း အီရတ်ကျူးကျော်စစ်ပွဲကြောင့် အီရတ်ပြည်သူ လေးသောင်းနီးပါး အသက်ဆုံးရှုံးခဲ့ပြီး ဘဝပျက်သူတွေ သန်းနဲ့ချီပြီး ရှိနေပါတယ်။ အီရတ်နိုင်ငံမှာ အမေရိကန်တပ်ဖွဲ့ဝင် တစ်သိန်းခြောက်သောင်းနီးပါး ရောက်ရှိနေပါတယ်။ အဲဒီအထဲက အသက်ဆုံးရှုံးသူတွေ၊ ထိခိုက်ဒဏ်ရာရသူတွေ အများအပြားပါပဲ။ ဒါပေမယ့် အမေရိကန်သမ္မတဘုရှ်ကတော့ အီရတ်စစ်ပွဲမဟာဗျူဟာနဲ့ ပတ်သက်ပြီး ဘာမျှစိုးရိမ်ဖွယ်ရာမရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီ အသွင်ကူးပြောင်းရာမှာ နေ့ချင်းညချင်း အောင်မြင်ဖြစ်ထွန်း လာတတ်တာမဟုတ်ဘဲ ကာလအတိုင်းအတာ တစ်ရပ်အထိ စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းရစမြဲဖြစ်ကြောင်း ဆင်ခြေ့ရန်ရှောင် လုပ်နေပြန်ပါတယ်။

အမေရိကန်သမ္မတဘုရှ်ပြောသွားတဲ့အထဲမှာ **နိုင်ငံတစ်နိုင်ငံကို ဒီမိုကရေစီ အသွင်ကူးပြောင်းရာမှာ နေ့ချင်းညချင်း အောင်မြင်ဖြစ်ထွန်းလာတတ်တာမဟုတ်ဘဲ ကာလအတိုင်းအတာတစ်ရပ်အထိ စိတ်ရှည်ရှည်နဲ့ စောင့်ဆိုင်းရစမြဲဖြစ်တယ်** ဆိုတာကို သတိပြုမိပါတယ်။ အမေရိကန်သမ္မတဘုရှ်ရဲ့ အဲဒီစကားထဲမှာ ပြုလုပ်သူ (ကတ္တား)ပျောက်နေပါတယ်။ အမှန်တကယ်တော့ နိုင်ငံတစ်နိုင်ငံရဲ့ ဒီမိုကရေစီအသွင် ကူးပြောင်းရေးဟာ အဲဒီနိုင်ငံအစိုးရနဲ့ အဲဒီနိုင်ငံရဲ့ ပြည်သူတွေက လုပ်ဆောင်ရမယ့် ကိစ္စပဲဖြစ်ပါတယ်။ အမေရိကန်အစိုးရက ဆရာကြီးဝင်လုပ်ပြီး အတင်းအဓမ္မ ကျူးကျော်စွက်ဖက်လုပ်ဆောင်လို့ ရနိုင်တာမျိုးမဟုတ်ပါဘူး။

စာမျက်နှာ ၇ ကော်လံ ၁ သို့

ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးဆိုတာတွေကို အသံဟောင်းဟစ်၊ တစ်ကမ္ဘာလုံးမှာ ကယ်တင်ရှင်ကြီးပမာ လုပ်ပြီး စစ်ပွဲတွေခင်းကျင်း၊ အချင်းချင်း မညီမညွတ်ဖြစ်အောင်လုပ်၊ ရုပ်သေးအစိုးရတွေတင်ပြီး ဩဇာလွှမ်းမိုးဖို့ ကြိုးပမ်းနေတဲ့ အမေရိကန်အစိုးရရဲ့လုပ်ရပ်ကို အမေရိကန်ပြည်သူတွေ ကိုယ်တိုင်ကလည်း မလိုလား မနှစ်သက်ကြပါဘူး။ ဗီယက်နမ်စစ်ပွဲမှာ အမေရိကန်တပ်ဖွဲ့ဝင် ငါးသောင်းခွဲ သေဆုံးခဲ့ပြီး ဒဏ်ရာရသူတွေ သိန်းနဲ့ချီရှိကာ နောက်ဆုံးမှာအရေးနိမ့်ပြီး အမေရိကန်တပ်တွေ ဗီယက်နမ်က ဆုတ်ခွာခဲ့ရပါတယ်။ ဒါကြောင့်မို့ ဗီယက်နမ်စစ်ပွဲပြီးကတည်းက အမေရိကန်နိုင်ငံသားတွေက အမေရိကန်ဟာ သူများနိုင်ငံရဲ့ ပြည်တွင်းရေး ကိစ္စတွေမှာ ဝင်မပါဘဲ လက်ရှောင်သင့်ပြီဖြစ်ကြောင်း သုံးသပ်ပြောဆိုလာခဲ့ကြပါတယ်။

တခြားတစ်နိုင်ငံကို မိမိနိုင်ငံအခြေအနေနှင့်ယှဉ်ပြီး ဆုံးဖြတ်ခြင်းသည် မမှန်ကန်နိုင် နိုင်ငံတိုင်းတွင် ကိုယ်ပိုင်အခြေအနေနှင့် စရိုက်လက္ခဏာများရှိ ကန်၏ လူ့အခွင့်အရေးဆိုင်ရာအစီရင်ခံစာအား နိုင်ငံများက ပြင်းထန်စွာတုံ့ပြန်

ပေကျင်း မတ် ၂၂

အမေရိကန်နိုင်ငံ၏ ၂၀၀၅ခုနှစ် လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာနှင့်ပတ်သက်၍ စွပ်စွဲပြောဆိုချက်များကို နိုင်ငံများစွာက ပြင်းထန်စွာ ပြန်လည်တုံ့ပြန်ခဲ့ပြီး မဟုတ်မမှန်လုပ်ကြံစွပ်စွဲခြင်းသာဖြစ်ကြောင်း ပြစ်တင်ဝေဖန်လိုက်သည်။

တရုတ်နိုင်ငံက ပြန်လည်တုံ့ပြန်

တရုတ်နိုင်ငံ၏ လူ့အခွင့်အရေးစံနှုန်းနှင့်ပတ်သက်၍ အမေရိကန်ပြည်ထောင်စုက ပြစ်တင်ဝေဖန်ထားသည့် အစီရင်ခံစာကို တရုတ်နိုင်ငံက ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောကြားလိုက်ပြီး ယင်းအစီရင်ခံစာသည် မှန်ကန်မှုမရှိဘဲ ရိုင်းစိုင်းမှုတစ်ခုပင်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်ပြောကြားလိုက်သည်။

တရုတ်နိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ပြီး လူ့အခွင့်အရေးကို လေးစားလိုက်နာလျက် ရှိကြောင်း၊ တရုတ်အစိုးရသည် အရာရာတိုင်း၏အပေါ်တွင် ပြည်သူ၏ထားရှိသည့် မူဝါဒကို လိုက်နာစောင့်ထိန်းလျက်ရှိကြောင်း၊ ဥပဒေနှင့်အညီ ဒီမိုကရေစီနိုင်ငံ တိုးတက်ဖြစ်ထွန်းရေးအတွက်များစွာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံတွင် လူ့အခွင့်အရေးသည် တိုးတက်ကောင်းမွန်လျက်ရှိပြီး ကမ္ဘာတစ်ဝန်းလုံးကလည်း တရုတ်နိုင်ငံ၏ အဆိုပါအလေးထားမှု အစီအစဉ်ကို အသိအမှတ်ပြုကာ ကြိုဆိုကြသည့်အပြင် တရုတ်ပြည်သူလူထုကလည်း ယင်းအစီအစဉ်ကို ကျေနပ်အားရလျက်ရှိကြောင်း ဖော်ပြထားသည်။

ထိုင်းနိုင်ငံက ပြန်လည်တုံ့ပြန်

အမေရိကန်၏လူ့အခွင့်အရေးဆိုင်ရာ နှစ်စဉ်အစီရင်ခံစာတွင် ထိုင်းနိုင်ငံသည် လူ့အခွင့်အရေးကို ချိုးဖောက် နေသည်ဟု စွပ်စွဲချက်နှင့် ပတ်သက်၍ အမေရိကန်အား ထိုင်းနိုင်ငံက ပြစ်တင်ဝေဖန် ပြောဆိုလိုက်သည်။

တခြားနိုင်ငံတစ်နိုင်ငံ၏ အခြေအနေကို မိမိနိုင်ငံ၏ အခြေအနေနှင့် လိုက်ပြီး ဆုံးဖြတ်ခြင်းသည် မမှန်ကန်နိုင်ကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

အမေရိကန်၏ လူ့အခွင့်အရေး အစီရင်ခံစာတွင် ဖော်ပြထားသော စွပ်စွဲချက်များသည် အမှန်တရားနှင့် အလွန်ဝေးကွာနေကြောင်း၊ နိုင်ငံတိုင်းတွင် ကိုယ်ပိုင်အခြေအနေနှင့် စရိုက်လက္ခဏာများရှိကြောင်း၊ တခြားနိုင်ငံ တစ်နိုင်ငံ၏ အဆင့်အတန်းနှင့် တိုင်းတာ၍ မရနိုင်ကြောင်း ဖော်ပြပါရှိသည်။

အမေရိကန်၏ လူ့အခွင့်အရေးချိုးဖောက်သည်ဟု စွပ်စွဲထားသော အစီရင်ခံစာသည် မမှန်ကန်နိုင်ကြောင်းနှင့် ထိုင်းနိုင်ငံ၏ အခြေအနေမှန်နှင့် မကိုက်ညီကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက တုံ့ပြန်ပြောကြားလိုက်သည်။

အီသီယိုးပီးယားနိုင်ငံက ပြန်လည်တုံ့ပြန်

အီသီယိုးပီးယားနိုင်ငံမှ လူ့အခွင့်အရေးအခြေအနေများနှင့် စပ်လျဉ်း၍ ဖော်ပြသော အမေရိကန်အစိုးရ၏ အစီရင်ခံစာမှာ အခြေအမြစ်မရှိဘဲ လုပ်ကြံဖန်တီးချက်များသာဖြစ်ကြောင်း အီသီယိုးပီးယားနိုင်ငံက တုံ့ပြန်လိုက်သည်။

အမေရိကန်၏ လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာ၌ အီသီယိုးပီးယားနိုင်ငံ အပါအဝင် နိုင်ငံအချို့၏ လူ့အခွင့်အရေးဆိုင်ရာ အခြေအနေများကို မဟုတ်မမှန် လုပ်ကြံဖော်ပြထားကြောင်း အီသီယိုးပီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ဖော်ပြထားသည်။

အီသီယိုးပီးယားနိုင်ငံ၌ လူ့အခွင့်အရေး ချိုးဖောက်သည်ဆိုသော အမေရိကန်အစိုးရ၏ စွပ်စွဲချက်များမှာ လုံးဝ အခြေအမြစ်မရှိကြောင်း အီသီယိုးပီးယား နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် တုံ့ပြန် ဖော်ပြလိုက်သည်။

အီသီယိုးပီးယား နိုင်ငံသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးများကို လေးစားရန် အထူး အာရုံစိုက်ကြောင်း၊ လက်တွေ့ အကောင်အထည်ဖော်ရန်လည်း အစိုးရယန္တရား အဖွဲ့အစည်း အားလုံးနှင့်တကွ နိုင်ငံသားများအား နှိုးဆော်ထားကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ

အမေရိကန်ပြည်သူများ ကန့်ကွက်ဆန္ဒပြကြစဉ်။

အီရတ်အား ကန်တို့ကျူးကျော်သိမ်းပိုက်ထားခြင်းအား ကမ္ဘာ့ပြည်သူများ ကန့်ကွက်ဆန္ဒပြခဲ့ကြ

ရောမ မတ် ၂၂

၂၀၀၃ခုနှစ် မတ်၂၀ရက်က အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား ကျူးကျော်စစ် စတင်ဆင်နွှဲခဲ့သည့် (၃)နှစ်မြောက် နှစ်ပတ်လည်နေ့အဖြစ် ကမ္ဘာတစ်ဝန်း မြို့ကြီးများ၌ ကန့်ကွက်ဆန္ဒပြပွဲများ ပြုလုပ်ခဲ့ကြသည်။

အီတလီပြည်သူများ ကန့်ကွက်ဆန္ဒပြကြစဉ်။

ဆန္ဒပြသမားများ၏ လူထုစည်းဝေးတွင် တစ်ယောက်ပြီးတစ်ယောက် ရင်ဖွင့်ပြောကြားရာ၌ သမ္မတဘုရှ်အစိုးရနှင့် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဆက်လက်ရှိနေခြင်းကို ပြစ်တင်ရှုတ်ချ ပြောဆိုကြသည်။

"သူတော်ကောင်းယောင်ဆောင်နေမှု တော်လောက်ပါပြီ"၊ "အလိမ် အညာတွေ တော်လောက်ပါပြီ"၊ "မိမိတို့ အမေရိကန်တပ်ဖွဲ့ဝင်တွေ အခုပြန်ခေါ်"၊ "အီရတ်မှသည် ကိုရီးယား၊ ဖိလစ်ပိုင်အထိ ဖြန့်ကြက်သည့် အမေရိကန် စစ်ယန္တရား ရပ်စဲပစ်" စသည်ဖြင့် ကြွေးကြော်သည်။ နယူးယောက် လူထုဆန္ဒပြပွဲက အမေရိကန်တပ်ဖွဲ့အားလုံး ခြွင်းချက်မရှိ၊ ချက်ချင်းရုပ်သိမ်းရန် တောင်းဆိုလိုက်သည်။ **"ရန်ပုံငွေမှာ စစ်ယန္တရားအတွက် မဟုတ်၊ ပြည်သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန်ဖြစ်"** ဟူသော ကြွေးကြော်သံမှာ အဓိက ကြွေးကြော်သံတစ်ခု ဖြစ်ခဲ့သည်။

ကျူးကျော်ပြီး သုံးနှစ်ကြာခဲ့ပြီ ဖြစ်သော်လည်း အီရတ်နိုင်ငံမှာ ဒီမိုကရေစီနှင့် လွတ်လပ်ရေး မရရှိသေးကြောင်း ဆန္ဒပြသမားများက ကြေညာချက်ထုတ်ပြန်ကာ ထောက်ပြလိုက်သည်။ အီရတ် စစ်ပွဲ(၃)နှစ် မြောက်အထိမ်းအမှတ်အဖြစ် ဆန့်ကျင်ဆန္ဒပြပွဲကို ပြည်သူထောင်ပေါင်းများစွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး ဆန့်ကျင် ဆန္ဒပြသူများက အီရတ်မှ နိုင်ငံခြားတပ်ဖွဲ့ဝင်များ အမြန်ရုပ်သိမ်းရန် တိုက်တွန်းတောင်းဆိုခဲ့ကြသည်။ ထို့အပြင် စစ်ပွဲရပ်ဆိုင်းရန်၊ ငြိမ်းချမ်းရေး ဆောင်ရွက်ရန် စာတန်းများ၊ ဆိုင်းဘုတ်များကိုင်ဆောင်ကာ ရောမမြို့လမ်းများပေါ်တွင် လှည့်လည် ချီတက်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူအချို့က အမေရိကန် သမ္မတဘုရှ်၏ **"ကမ္ဘာ့နံပါတ်တစ် အကြမ်းဖက်သမား"**ဟူသော စာတန်းပါရှိသော ရုပ်ပုံကားချပ်ကြီးများ ကိုင်ဆောင်ကာ ချီတက်ဆန္ဒပြခဲ့ကြသလို **"ကျူးကျော်မှုအဆုံးသတ်"၊ "အီရန်ကို မတိုက်နဲ့"**ဟူသော စာတန်းများကို ကိုင်ဆောင်ကာ လှည့်လည် ဆန္ဒပြခဲ့ကြသည်။ ထို့အပြင် အမေရိကန်တို့ အကျဉ်းစခန်းများတွင်ရှိသော အကျဉ်းသားများ၏ ရုပ်ပုံများကိုလည်း ကိုင်ဆောင်ကာ အကျဉ်းသားများအား ညှဉ်းပန်းနှိပ်စက်မှုမပြုရန်နှင့် လွှတ်ပေးရန် တောင်းဆိုခဲ့ကြသည်။

အမ်အင်အေ၊ဆင်ဟွာ

ကြက်ငှက်တုပ်ကွေးရောဂါပိုးများ မလေးရှားနှင့် ပါကစ္စတန်နှစ်နိုင်ငံ၌ တွေ့ရှိ အဇာဘိုင်ဂျန်နိုင်ငံ၌ လူငါးဦးသေဆုံးခဲ့

ကွာလာလမ်ပူ မတ် ၂၂

မလေးရှားနိုင်ငံမြောက်ပိုင်း ပီရက်စ်ပြည်နယ်၌ ကြက်ငှက်တုပ်ကွေးဖြစ်ပွားမှုနှစ်နေရာတွင် H_5N_1 ကြက်ငှက်တုပ်ကွေး ရောဂါပိုးကို တွေ့ရှိရကြောင်း ဒေသအာဏာပိုင်များက မတ် ၂၁ ရက်၌ ပြောကြားသည်။

ယင်းဗိုင်းရပ်စ်ပိုးကို ဂိုပင်းမြို့အနီးနှင့် ဘိုတာတို့၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ သို့ရာတွင် ယခုအထိ ယင်းရောဂါကြောင့် ငှက်တစ်ကောင်မျှ သေခြင်း မရှိသေးကြောင်း စိုက်ပျိုးရေးကော်မတီဥက္ကဋ္ဌ ရက်ဇီမာနန်းက ပြောကြားသည်။ အဆိုပါ ပြည်နယ်၏မြို့တော် အီပေါ့မြို့၌ လွတ်ကျောင်းသော ကြက်များကို နမူနာဗိုင်းရပ်စ်ပိုးများ စစ်ဆေးခဲ့ရာမှ ကြက်ငှက်တုပ်ကွေး ဗိုင်းရပ်စ်ပိုး H_5N_1 ကို တွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက အတည်ပြုခဲ့သည်။

မလေးရှားနိုင်ငံ၌ ပြီးခဲ့သော သီတင်းပတ်က တိုင်ပင်းမြို့အနီးနှင့် ဂိုပင်းမြို့အနီး ရွာတစ်ရွာ၌ ကြက်ငှက်တုပ်ကွေးရောဂါပိုး တွေ့ရှိပြီးနောက် သက်ဆိုင်ရာ အာဏာပိုင်များက ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။

ပါကစ္စတန်နိုင်ငံတွင်လည်း ဖေဖော်ဝါရီ ၂၇ရက်က ကြက်ငှက်တုပ်ကွေး နမူနာများရယူကာ ဗြိတိန်ရှိ ဓာတ်ခွဲခန်းတစ်ခန်းသို့ ပေးပို့စစ်ဆေးခဲ့ရာမှ ကြက်ငှက်တုပ်ကွေးရောဂါများ ဖြစ်ပွားနေကြောင်း အတည်ပြုနိုင်ခဲ့သည်။

ပါကစ္စတန်

အလားတူ ပါကစ္စတန်အနောက်မြောက်ပိုင်းရှိ ကြက်မွေးမြူရေးစခန်းများ၌ အဆိုပါရောဂါပိုး ပထမဆုံးအကြိမ်တွေ့ရှိခဲ့ကြောင်း ပါကစ္စတန်က မတ် ၂၁ရက်၌ အတည်ပြုပြောကြားသည်။

ပါကစ္စတန်အနောက်မြောက်ပိုင်း နယ်စပ်ရှိ ကြက်ခြံတစ်ခြံကို ဖေဖော်ဝါရီ ၂၇ရက်က စစ်ဆေးမှုပြုလုပ်ရာ အဆိုပါ ကြက်ငှက်တုပ်ကွေးရောဂါပိုး ရှိနေကြောင်း အတည်ပြုထားသည်ကို ကြေညာချက်၌ ဖော်ပြထားသည်။

အဇာဘိုင်ဂျန်

အဇာဘိုင်ဂျန်နိုင်ငံ၌လည်း ကြက်ငှက်တုပ်ကွေး ရောဂါဖြစ်ပွားမှုကြောင့် လူငယ်ငါးဦး သေဆုံးသွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အင်္ဂါနေ့တွင် ပြောကြားသည်။

အဆိုပါကြက်ငှက်တုပ်ကွေးရောဂါကြောင့် သေဆုံးမှုမှာ ၂၀၀၃ ခုနှစ်ကုန်ပိုင်းမှစပြီး သေဆုံးသူအရေအတွက် ၁၀၃ ဦး ရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။ ကြက်ငှက်တုပ်ကွေးရောဂါသည် အာရှနှင့် ဥရောပတစ်လွှားတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီး သိင်္ချာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ တက်ရောက် ကြည်ညိုလှူဒါန်းနိုင်ကြ

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်း (၁၀)မိုင်ရှိ အောင်စေတီသာသနာ့ဗိမာန်ကျောင်း ဆရာတော်ကြီးဘဒ္ဒန္တစတိလ၏ သက်တော်(၈၅)နှစ်၊ သိင်္ချာတော်(၆၆)ဝါပြည့်မြောက်သော သိင်္ချာထပ် မွေးနေ့မင်္ဂလာပူဇော်ပွဲ အခမ်းအနားကို မတ် ၂၆ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အောင်စေတီသာသနာ့ဗိမာန်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။ ယင်းနေ့ နံနက် ၉ နာရီတွင် သိမ်ဆင်းမည်ဖြစ်၍ တက်ရောက် ကြည်ညိုလှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့နှင့်အတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်၏ အန္တရာယ်မှန်သမျှကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ပြည့်ဝသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် မတ် ၂၂

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မတ် ၁၈ ရက် နံနက် ၁၀ နာရီတွင် လားရှိုးမြို့ရှိ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ရုံး၌ တွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သန့်စင်၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဌာနမှူးများနှင့် လုပ်ငန်းအဖွဲ့ တာဝန်ခံများ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ စုစုပေါင်းအင်အား ၂၀၀ ကျော်တို့ တက်ရောက်ကြသည်။

ညှိနှိုင်းပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့နာယကက ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ရှေ့လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာဖွဲ့ဝင်များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထား၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အမျိုးသမီးရေးရာ အဖွဲ့ဝင်များက တတ်နိုင်သည့်ဘက်က ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြရန်၊ အမျိုးသမီးနှင့်ကလေးများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများ၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ (HIV/AIDS) တားဆီးကာကွယ်ရေး၊ တိုက်ဖျက်ရေးလုပ်ငန်းများ၊ အမျိုးသားကျန်းမာရေးစီမံကိန်းပါ လုပ်ငန်းများ၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းအန္တရာယ်မှ ကင်းဝေးစေရန် မူးယစ်ဆေးဝါး ပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ရေး လုပ်ငန်းများ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အခြားသောလူမှုရေး အသင်းအဖွဲ့များနှင့် ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားရန်တို့ကို ပြောကြားပြီး အမျိုးသမီးများ ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန်နှင့် လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းများတွင် ဆက်စပ်သော ဌာနဆိုင်ရာများ၊ စေတနာရှင်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန် အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌသည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁) နှစ်မြောက် တပ်မတော်နေ့ပြပွဲ

တပ်မတော်စစ်သမိုင်းပြတိုက်

(ရွှေတိဂုံဘုရားလမ်း)

၂၆–၃–၂၀၀၆ မှ ၄–၄–၂၀၀၆

(မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်)

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ပါကစ္စတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၆ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မီရန်ကူရှစ် မာမွတ် ကာစူရီထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

စစ်တွေကောလိပ် အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၂၂

ရန်ကုန်ရောက် စစ်တွေကောလိပ် ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို မေ ၁ ရက်တွင် တက္ကသိုလ်ဓမ္မာရုံ၌ကျင်းပမည်ဖြစ်သည်။ စစ်တွေကောလိပ်ကျောင်းသား ကျောင်းသူဟောင်းများနှင့် ဆရာ ဆရာမများသည် ဦးဦးစောသိန်း ဖုန်း–၂၉၈၁၉၆၊ ဦးလှမြင့် ဖုန်း– ၀၉၅၀၀၂၈၃၁၊ ဦးဇော်အေးမောင် ဖုန်း–၀၉–၉၉၂၂၀၅၇၊ ဒေါ်လှသာစိန် ဖုန်း–၂၄၃၉၀၂၊ ဒေါ်ကျော့မြခင် ဖုန်း–၃၈၅၆၆၉၊ ဒေါ်တင်မြင့်ခိုင် ဖုန်း–၃၈၆၈၉၁၊ ကိုသာထွန်းလှ ဖုန်း–၇၂၁၇၂၈၊ ဒေါ်ခင်မာနု ဖုန်း–၂၈၅၁၉၃၊ ဒေါ်လီလီဇံ ဖုန်း–၂၄၆၀၀၇နှင့် ဦးညီအေး ဖုန်း–၂၄၂၀၀၉– EX°-၆၄၉ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။

(က–ပ)

သစ္စာဒီပကဓမ္မရိပ်သာကြီး သင်္ကြန်တွင်း ခုနစ်ရက်တရားစခန်း

ရန်ကုန် မတ် ၂၂

သစ္စာဒီပက ဓမ္မရိပ်သာကြီး၏ (၆၃)ကြိမ်မြောက် သင်္ကြန်တွင်း ခုနစ်ရက် ဓမ္မာနုပဿနာတရားစခန်းပွဲကြီးကို သစ္စာဒီပကနာယက ကမ္မဋ္ဌာနာစရိယ ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် မြင်သာ(၁၅)ရပ်ကွက် ၁ လမ်းထိပ် သာသနာအမှတ်(၆)ဝိုင်းရှိ သစ္စာဒီပကဓမ္မရိပ်သာကြီးတွင် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင် ဣန္ဒောဘာသ(ဓမ္မာစရိယ)က ၁၃၆၇ ခုနှစ် တန်ခူးလဆန်း ၁၃ ရက်မှ တန်ခူးလဆုတ် ၄ ရက် (ဧပြီ ၁၀ ရက်မှ ၁၆ရက်)အထိ ကျင်းပမည်ဖြစ်ရာ နှစ်ပတ်အတွင်း စာရင်းပေးသွင်းရန်နှင့် တန်ခူးလဆန်း ၁၂ ရက် (ဧပြီ ၉ ရက်) ညနေ ၅ နာရီအရောက် လာရောက်နိုင်ကြောင်း သိရသည်။

(က–ပ)

ပညာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာချမ်းငြိမ်း လယ်ဝေးမြို့ရှိ စာဖြေဌာနများကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၂၂

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့်အတူ ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် လယ်ဝေးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ စာဖြေဌာနသို့ရောက်ရှိကြ၍ ကြီးကြပ်ရေးမှူးနှင့်အတူ စာဖြေခန်းများကို လှည့်လည်ကြည့်ရှုရာ စာဖြေသူများ စနစ်တကျစည်းကမ်းရှိရှိ ဖြေဆိုနေကြသည်ကိုတွေ့ရှိရပြီး ဝန်ကြီးက ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးတို့အား စာမေးပွဲဖြေဆိုလျက်ရှိသည့် ကျောင်းသား ကျောင်းသူများ စိတ်လက်ကြည်သာစွာဖြေဆိုနိုင်ရေး၊ စနစ်တကျနှင့် စည်းကမ်းတကျဖြေဆိုနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တိုးချဲ့စာဖြေဌာနသို့ရောက်ရှိကြ၍ စာဖြေဌာန ကြီးကြပ်ရေးမှူးနှင့်အတူ စာဖြေခန်းများကို လှည့်လည်ကြည့်ရှုအားပေးရာ စာဖြေသူများ ကြိုးကြိုးစားစားဖြေဆိုနေကြသည်ကို တွေ့ရှိရပြီး ဝန်ကြီးက ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးများအား စာမေးပွဲဆိုင်ရာ စည်းကမ်းများကို တိကျစွာလိုက်နာဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၃–၃–၂၀၀၆ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မြန်မာ့ပုလဲလေလံပွဲ
၇း၁၅	သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့သွားရောက်လေ့လာခြင်း)
၇း၃၅	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	အသိဉာဏ်ပစ္စည်းမူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ
၇း၅၅	မပြောမပြီး မတီးမမြည်(AIDS) နေရဲလင်း၊ မိုးဇော်၊ မောင်မောင်မြင့်၊ ရှင်ဖုန်း၊ သိမ့်ချယ်၊ နိုင်ဆုသွယ် (ဒါရိုက်တာ–မောင်မောင်မြင့်)
၈း၁၅	မိုးလေဝသခန့်မှန်းချက်
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	အာဟာရနှင့်ကျန်းမာရေး
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၀၀	ဝါသနာရှင်စင်မြင့်
၉း၃၅	အလှတွင်အယဉ်ဆင့် အမြင်တင့်ဖွယ် နည်းပညာအသွယ်သွယ်
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	ရှုချင်စရာမျက်လှည့်ပဒေသာ
၁၀း၁၅	ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၁၀း၂၅	တေးဂီတအစီအစဉ်
၁၀း၃၀	ကမ္ဘာ့အမြင်ကမ္ဘာ့စီးပွား (ဦးမျိုးမြတ်သူ၊ ဒေါက်တာခင်မောင်ညို)
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀	ကြမ်းခင်းတုံး ထုတ်လုပ်မှုလုပ်ငန်း
၁၁း၂၅	တေးဂီတအစီအစဉ်
၁၁း၃၀	အာဟာရပြည့်လျှင်ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ
၁၁း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅	အထွက်ကောင်း၊ အရည်အသွေးကောင်း မှော်ဘီ(၃)စပါးမျိုးသစ်
၁၁း၅၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိသုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်မူဝါဒနှင့်ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်မှုများဟောပြောပို့ချ

ရန်ကုန် မတ် ၂၂

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ပြုလုပ်သော အနေးယာဉ်လုပ်သားများပါဝင်သည့် အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၂၄) သင်တန်းသား ၁၀၀ အား နိုင်ငံတော်မူဝါဒနှင့်ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်မှုများနှင့်စပ်လျဉ်း၍ ဟောပြောပို့ချသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြု ရေဒီယိုအသံလွှင့်ဇာတ်လမ်းထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၂

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နီသင်အောင်ကျော်မိုး၏ ဝတ္ထုဇာတ်ညွှန်းကို ယဉ်ယဉ်လှ စီစဉ် ထုတ်လွှင့်လိုက်သည့် "နေခြည်လည်းလင်း၊ ပန်းလည်းသင်း" ရေဒီယိုအသံလွှင့်ဇာတ်လမ်းကို မတ်၂၆ရက်(တနင်္ဂနွေနေ့) ည ၇နာရီ ၁၅မိနစ်တွင် ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ အသံလွှင့်ဇာတ်လမ်းတွင် ရုပ်ရှင်သရုပ်ဆောင် ခန့်စည်သူ၊ ဂျွန်ဝင်၊ ခင်လေးနွယ်နှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မူးယစ်ကင်းစင် အလှဆင်

(၆၁) နှစ်မြောက် တပ်မတော်နေ့အကြို ဂုဏ်ပြုဆောင်းပါး

အမျိုးသားရေးတာဝန် ကျေပွန်သည့်တပ်မတော်

မြန်မာ့တပ်မတော်သည် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းမှုသမိုင်းစဉ်မှ ပေါက်ဖွားလာခဲ့သည်။ အမျိုးသားနိုင်ငံရေးရည်မှန်းချက်နှင့် နိုင်ငံတော်၏လိုအပ်ချက်အရ ကြိုးပမ်းတည်ထောင်ခဲ့သည့် တပ်မတော်တွင် လူငယ်လူရွယ် အမြောက်အမြားသည် တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ကို စွန့်လှူရန် အဓိဋ္ဌာန်ပြုပြီး စုစည်းမိခဲ့ကြသည်။ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ် စိတ်ဓာတ်ဖြင့် တပ်မတော်သို့ ဝင်ရောက်လာကြသူများသည် အမျိုးသားရေးကို အသက်နှင့်လဲ၍ ကာကွယ်စောင့်ရှောက်ခဲ့ကြသည့်အတွက် မျိုးချစ်တပ်မတော်ဟူသော အစဉ်အလာကို ရရှိခဲ့ခြင်းဖြစ်သည်။

တပ်မတော်ကို စတင်ဖွဲ့စည်းစဉ်ကပင် အသိစိတ်ဓာတ်ဖြင့် စည်းကမ်းကောင်းခဲ့သဖြင့် ခိုင်ခိုင်မာမာ အင်အား တောင့်တင်းလာခြင်းဖြစ်သည်။ စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သကဲ့သို့ တပ်မတော်၏ မဏ္ဍိုင်လည်းဖြစ်သည်။ ထို့ကြောင့်ပင် စည်းကမ်းစနစ်ကျနသော တပ်မတော်အဖြစ် စစ်စည်းကမ်း၊ စစ်ဥပဒေနှင့် စစ်သည်တော်ကျင့်ဝတ်များကို လိုက်နာခဲ့ကြရာ ပြည်သူတို့၏ ယုံကြည်လေးစားချစ်ခင်မှုကို ရရှိသော တပ်မတော်ဖြစ်ပေသည်။

တပ်မတော်သားများသည် **'ငါတို့သည် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏သစ္စာကို စောင့်သိရိုသေပါမည်၊ ငါတို့သည် ကျဆုံးလေပြီးသော တပ်မတော်သားတို့၏ သစ္စာကို စောင့်သိရိုသေပါမည်၊ ငါတို့သည် အထက်မှ ပေးအပ်သော အမိန့်နှင့်တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပါမည်၊ ငါ့နိုင်ငံတော်၊ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက် ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏'** ဟူသော သစ္စာလေးချက်ကိုဦးထိပ်ရွက်ပြီး တာဝန်ထမ်းဆောင်ခဲ့ကြသည့် မျိုးချစ် တပ်မတော်သားများ ဖြစ်ကြသည်။ မျိုးချစ်စိတ်ဖြင့် အသက်ခန္ဓာကို စွန့်လွှတ်ရန် ဝန်မလေးကြသူများဖြစ်ကြသည်။

မျိုးချစ်စိတ်နှင့်ရှင်သန်နေသည့် တပ်မတော်အတွင်း၌ ရဲဘော်စိတ်ဖြင့် တစ်ဦးအတွက်တစ်ဦး အသက်ပေးလျက်ရှိကြသည်။ ထို့ကြောင့်လည်း တပ်မတော်သည် **'မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ စည်းကမ်းကောင်းမွန်ခြင်း၊ သစ္စာရှိခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ စွမ်းရည်ရှိခြင်း၊ စွန့်လွှတ်စွန့်စားခြင်း၊ တစ်ဦးချင်း ကိုယ်ကျိုးကို ပဓာနမထားခြင်း၊ စိတ်ဓာတ်မြင့်မြတ်ခြင်း၊**

တပ်မတော်အင်အားရှိမှ တိုင်းပြည် အင်အားရှိမည်

အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိခြင်း၊ အပင်ပန်းအဆင်းရဲခံနိုင်ခြင်း၊ ဇွဲ လုံ့လ ဝီရိယရှိခြင်းနှင့် ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် ဦးထိပ်ပန်ဆင်ခြင်း' ဟူသည့် အစဉ်အလာကောင်း(၁၂)ရပ်ဖြင့် ပြည့်စုံသည့် တပ်မတော်ဖြစ်သည်။

မြန်မာ့တပ်မတော်သည် ပြည်သူများကြားကပေါက်ဖွားလာသည့် မျိုးချစ်တပ်မတော်ဖြစ်သည်။ မျိုးချစ်တပ်မတော်သားများသည် စိတ်ဓာတ်မွန်မြတ်သည်။ ပင်ကိုအသိနှင့် စည်းကမ်းကောင်းကြသည်။ တစ်ဦးချင်း ကိုယ်ကျိုးကိုပဓာနမထားဘဲ နိုင်ငံတော်နှင့်နိုင်ငံသားတို့အတွက် စွန့်လွှတ်စွန့်စားလိုကြသည်။ သစ္စာတရား၏စည်းနှောင်မှုနှင့် စည်းလုံးညီညွတ်ကြသည်။ ဇွဲ လုံ့လဝီရိယရှိပြီး အပင်ပန်း အဆင်းရဲခံနိုင်ကြသည်။ စွမ်းရည်ရှိပြီး အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိကြသည်။

ပြည်သူတစ်ရပ်လုံး၏ ရင်နှစ်သည်းချာများဖြစ်သည့် တပ်မတော်သားများကို ချစ်ခင်လေးစား အားထားယုံကြည်ကြသည်။ ပြည်သူနှင့် တပ်မတော်သည် တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း ဖက်ဆစ်တို့ကို တွန်းလှန်တိုက်ခိုက်နိုင်ခဲ့ကြသည်။

ဖက်ဆစ်တော်လှန်ရေးအပြီးတွင် တပ်မတော်ခေါင်းဆောင်များသည် အမျိုးသားနိုင်ငံရေးစစ်မျက်နှာစာကိုပြောင်းပြီး လွတ်လပ်ရေးတိုက်ပွဲကို ဆက်လက်ဆင်နွှဲခဲ့ကြသည်။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို

အထက်မင်းလှည့်နှံ့အောင်

တည်ဆောက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်သည့် အချုပ်အခြာအာဏာပိုင်နိုင်ငံအဖြစ် တပ်မတော်ကပင် အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်၍ ပြန်လည်တည်ထောင်ပေးခဲ့ရသည်။

တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ ညီညွတ်မှု စွမ်းအားကြောင့် ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့၌ မြန်မာ့လွတ်လပ်ရေးကို လက်ဝယ်ပိုင်ပိုင် ပြန်လည်ရယူနိုင်ခဲ့သည်။

နယ်ချဲ့တို့သည် လွတ်လပ်ရေးပေးခဲ့ရသော်ငြားလည်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေးမငြိမ်မသက်ဖြစ်စေရန် နည်းမျိုးစုံဖြင့် မွှေနှောက်သွားခဲ့သည်။ သွေးခွဲအုပ်ချုပ်ရေးစနစ်ဖြင့် တိုင်းရင်းသားအချင်းချင်း သံသယစိတ်ပွားစေရန် ဖန်တီးထားခဲ့သည်။ နယ်ချဲ့အလိုတော်ရိနှင့် လက်ပါးစေများ မွေးမြူထားရစ်ခဲ့ကာ နယ်ချဲ့လက်ငုတ်လုပ်ရပ်များကို ဆက်လုပ်စေခဲ့သည်။ နယ်ချဲ့အားကိုးပုဆိန်ရိုးများဖြင့် အမျိုးသားရေးအင်အားစုများကို သပ်လျှိုဖြိုခွဲထားခဲ့သည်။

ယင်းသို့ဖြင့် လွတ်လပ်ရေးရပြီးသည်နှင့် တစ်ပြိုင်နက်တည်း ပေါ်ပေါက်လာသည့်တိုင်းရင်းသားအချင်းချင်း လက်နက်စွဲကိုင်တိုက်ခိုက်မှု အန္တရာယ်ကို ဦးစွာရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။ တိုင်းရင်းသားပြည်သူများမှာ လွတ်လပ်ရေး၏ အရသာကို မခံစားကြရဘဲ စစ်ဘေးစစ်ဒဏ်ကိုသာ ခံခဲ့ကြရသည်။ ရန်ကုန်အစိုးရဟု ခေါ်တွင်ခဲ့သည်အထိ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာ လက်လွတ် ဆုံးရှုံးရလုနီးပါး ဖြစ်ခဲ့ရသည်။ တပ်မတော် သည် လွတ်လပ်ရေး မဆုံးရှုံးအောင် ပြည်သူတို့နှင့်လက်တွဲပြီး ကြံ့ကြံ့ခံကာ ထိန်းသိမ်းကာကွယ်ခဲ့ရသည်။

၁၉၄၉ခုနှစ် နှစ်ကုန်ပိုင်းတွင် နယ်ချဲ့လက်ပါးစေ တရုတ်ဖြူကူမင်တန်တပ်များက မြန်မာ့ပိုင်နက် နယ်မြေအတွင်းသို့ ဝင်ရောက်ကျူးကျော်လာကြပြန်သည်။ ကူမင်တန်တပ်များသည် ပြည်တွင်း သောင်းကျန်းသူများနှင့်ပူးပေါင်းပြီး တည်ဆဲအစိုးရကို ဖြုတ်ချရန် ကြိုးပမ်းခဲ့ကြသည်။

တပ်မတော်သည် တရုတ်ဖြူကူမင်တန်တပ်များအား ၁၉၅၀ ပြည့်နှစ်မှ ၁၉၅၄ခုနှစ်အထိ စစ်ဆင်ရေးကြီးများ အကြိမ်ကြိမ် အဆင့်ဆင့် ဆင်နွှဲပြီး ရင်ကို မြေကတုတ်လုပ်ကာ တွန်းလှန်တိုက်ထုတ်ခဲ့ရသည်။

ဤသို့ဖြင့် ကူမင်တန်တပ်များ၏ ကျူးကျော်မှုရန်အေးသွားသော်လည်း ၁၉၅၈ခုနှစ်၌ နိုင်ငံရေးပါတီအချင်းချင်း ပါတီနိုင်ငံရေးလွန်ဆွဲပွဲ ပေါ်ပေါက်ခဲ့ပြန်သည်။ ပါတီတိုင်းလိုလို ခါးပိုက်ဆောင်တပ်များ ဖွဲ့စည်းထားရာ ရာဇဝတ် ပြစ်မှုများကို လက်ရဲဇက်ရဲကျူးလွန်လာကြသည်။ လက်နက်ကိုင်ပဋိပက္ခအထိ ဦးတည်လာသော နိုင်ငံရေးပါတီများ၏ အကွဲအပြဲဇာတ်လမ်းကို ရပ်တန့်စေခြင်းငှာ တပ်မတော်ကပင် နိုင်ငံ့တာဝန်ယူ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။

တစ်ဖန် ပဒေသရာဇ်စော်ဘွားများက ဖက်ဒရယ်မူတောင်းဆိုမှုကြောင့် ၁၉၆၂ခုနှစ်၌ ပြည်ထောင်စုကြီးမှခွဲထွက်ပြီး အချုပ်အခြာအာဏာ ဆုံးရှုံးစေမည့်အန္တရာယ် အတိအလင်း ဖြစ်ပေါ်လာပြန်သည်။ တိုင်းပြည်၌ အရေးကြုံလာတိုင်း ပြည်သူလူထုရှေ့မှ မားမားမတ်မတ်ရပ်တည်ပြီး ရင်ဆိုင်ဖြေရှင်းမြဲဖြစ်သော တပ်မတော်ကပင် မြန်မာ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံတော်၏အာဏာ အရပ်ရပ်ကို ရယူထိန်းသိမ်းစောင့်ရှောက်ခဲ့ရ ပြန်သည်။

၁၉၈၈ခုနှစ်၌ တိုင်းပြည်ပျက်လုခမန်းဖြစ်ပြီး တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်လုံခြုံမှုသာမက နိုင်ငံတော်၏ လုံခြုံမှုပါ စိုးရိမ်ဖွယ်ရာအခြေအနေသို့ ဆိုက်ရောက်ခဲ့ရပြန်သည်။ တိုင်းဆူပြည်ဖျက်အရေးအခင်းကို အမှီပြု၍ ပြည်ပအားကိုး ပုဆိန်ရိုးများ ခေါင်းထောင်လာခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့လက်သစ်များနှင့် ၎င်းတို့၏ သူလျှိုများကလည်း ဥဒဟိုဝင်ထွက်ပြီး အခါတော်ပေးခဲ့ကြသည်။ မြန်မာနိုင်ငံ၏ပိုင်နက်နယ်မြေကို ကျူးကျော်ထိပါးသည်အထိ ကိုလိုနီနယ်ချဲ့လက်သစ်၏ပယောဂများ ပူးကပ်ဝင်ရောက်ခဲ့သည်။ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိခိုက်ဆုံးရှုံးစေမည့် နယ်ချဲ့လက်သစ်နှင့် လက်ပါးစေတို့၏ အဖျက်လုပ်ရပ်ကို လက်ပိုက်ကြည့်မနေနိုင်သည့် တပ်မတော်က နိုင်ငံတော်တာဝန်အရပ်ရပ်ကို ထမ်းဆောင်ခဲ့ရပြန်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့

မတ်လ နွေပန်းချီ

* ရွက်ရော်သွေ့ခြောက်၊ နွေပေါက်ပြီဆိုလျှင်
ကံ့ကော်သရက်၊ ပင်ထက် ရွက်နုဆင်
မြူခိုးမင်းလွင်၊ ရှစ်ခွင်ဝေ့ဝဲ
လက်ပံပွင့်ပြီ၊ ပေါက်ပွင့်ပြီ
အနီ ထိန်ထိန်ရဲသည်နှင့်လေး။

* အနီရဲရဲ၊ ရင်ထဲစွဲလေလျှင်
အတိတ်ဟိုရှေး၊ ပြန်တွေးတမြင်မြင်
မြန်မာ့မြေတွင်၊ ခိုဝင်ကပ်စွဲ
ဖက်ဆစ်တော်လှန်၊ ပြည်လုံးညံ
အောင်သံခြိမ့်ခြိမ့် သဲသည်တည့်လေး။

* အောင်သံခြိမ့်သဲ၊ အောင်ပွဲဆင်ရာတွင်
မြန်မာပြည်လုံး၊ စုရုံးအတူပါဝင်
ကယား ကချင်၊ ကရင်နှင့်ရှမ်း
ချင်း ရခိုင်ပါ၊ မွန် ဗမာ
ညီညာတစ်စိတ်ဝမ်းငယ်တည့်လေး။

* ညီညာစိတ်ဝမ်း၊ အောင်ပန်းအလီလီ
လက်တွဲချီတက်၊ အသက်ကိုစွန့်မည်
လွတ်လပ်ရေးဆီ၊ ဦးတည်မျှော်ထောက်
ပြည်သူ့တပ်မတော်၊ ဦးဆောင်ခေါ်
တောင်ပေါ်မြေပြန့် အနံ့ရောက်သည်တည့်လေး။

* ခြောက်ဆယ့်တစ်နှစ်၊ ပြည်ချစ် တပ်မတော်သည်
ပြည်သူ့ဝန်ထမ်း၊ လျှောက်လှမ်းခဲ့ ညီညီ
ဖွဲ့နှင့် မာန်ချီ၊ ခိုင်ကျည် မြင့်မြတ်
ထက်မိုးယံဆီ၊ အောင်လံနီ
လွင့်သည်တဖျတ်ဖျတ် ကယ်နှင့်လေး။

* အနာဂတ်ကိုမှန်း၊ လျှောက်လှမ်းဖို့မျှော်ရည်
အေးချမ်းဖွံ့ဖြိုး၊ တိုးတက်သော မြန်မာပြည်
တည်ဆောက်ကြမည်၊ ခေတ်မီအလှ
ပြည်တွင်းအားသာ၊ ကိုးစားရာ
ညီညာ စည်းလုံးကြပါစို့လေး။
အတူ ထာဝရ မှန်းမြင် မွန်မြတ် နောင်ညီ ပျော်ကြသည်။
မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ဖော်ကြမည်။ ။

(၆၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်...

မြင်းမူမောင်နိုင်မိုး

အမ္ဘာရာမ တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၂၂

ရန်ကုန်မြို့ ကြည့်မြင်တိုင် ပန်းလှိုင်လမ်း အမ္ဘာရာမဝိပဿနာကျောင်းတိုက်၌ အမ္ဘာရာမဆရာတော်ကြီးများဖြစ်ကြသော ဆရာတော်အရှင်ဦးတိက္ခိန္ဒြိယ၊ ဆရာတော်ဦးတိက္ခတို့၏ညွှန်ပြတော်မူခဲ့သည့်နည်းအတိုင်း သတိပဋ္ဌာန်ဝိပဿနာတရားတော်ကို ဧပြီ၁ရက်မှစ၍ သင်္ကြန်အခါတော်ရက်အတွင်း ခုနစ်ရက်တရားစခန်း ဖွင့်၍ ဟောကြားပြသမည်ဟု သိရသည်။ (က-ပ)

မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီစည်းဝေး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၂၂

၁၃၆၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃နာရီခွဲတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ၁၃၆၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှုမဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း တက်ရောက်အမှာစကားပြောကြားသည်။ (ဓါတ်ပုံ)

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ၁၃၆၇ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများ၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၁၃၆၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ၁၃၆၇ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့် ကော်မတီဝင်များ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ စစ်ဒေသမှူးများ၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်တက်ရောက်လာကြသူများက မဟာသင်္ကြန်ပွဲတော်ကို မြန်မာ့ရိုးရာယဉ်ကျေးမှုအဆိုအကများနှင့်အညီ စည်းကမ်းစနစ်တကျဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုနှင့် ပတ်သက်၍ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အိုင်တီပညာဖွံ့ဖြိုးတိုးတက်ရေး သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၂၂

IT ပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း(MCPA)မှ ကြီးမှူး၍ သင်တန်းများ ဖွင့်လှစ်လျက်ရှိရာ "Open Source Software(OSS)" Training ကို မတ် ၂၈ရက်မှစ၍ ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကို တနင်္လာနေ့မှ သောကြာနေ့ ည ၇နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး သင်တန်းကာလမှာ ၁၀ရက် ကြာမြင့်မည် ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် မတ် ၂၅ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ကွန်ပျူတာပညာရှင်အသင်း မြန်မာအင်ဖိုတက် လှိုင်မြို့နယ်တွင် လာရောက်လျှောက်ထားနိုင်၍ အသေးစိတ်မေးမြန်းလိုပါက ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

တပ်မတော်သည် နိုင်ငံ့တာဝန်ယူခဲ့ရသည့်အချိန်မှစ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး၊ နိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး၏ လူမှုဘဝတိုးတက်မြင့်မားစေရေးနှင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေးတို့အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များချမှတ်လျက် နယ်ပယ်ကဏ္ဍစုံ၌နိုင်ငံတော်ကို ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ အမျိုးသားရေး ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်ရေးအတွက် နိုင်ငံတော်၏ စီးပွားရေး ခိုင်မာ တောင့်တင်းမှု စွမ်းအား၊ အမျိုးသားစည်းလုံးညီညွတ်မှု စွမ်းအားတို့ဖြင့် ဖော်ဆောင်ပေးလျက်ရှိသည်။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းရင်းသားမျိုးနွယ်များ အကြားတွင် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ရှေးဦးစွာ ဆောင်ရွက်ခဲ့သည်။ ယခုအခါ တပ်မတော် အစိုးရ၏ ကြိုးပမ်းမှုကြောင့် ပြည်သူအများလိုလားတောင့်တနေခဲ့ကြသည့် ပြည်တွင်းငြိမ်းချမ်းရေးကို ရာခိုင်နှုန်းပြည့်နီးပါး ဖော်ဆောင်နိုင်ခဲ့ပြီ ဖြစ်သည်။ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ကြသည့် ညီနောင်ရင်းချာများကို နွေးထွေးစွာကြိုဆိုပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လက်တွဲဆောင်ရွက်နိုင်ခဲ့ကြသည်။ နိုင်ငံတော်အတွင်း နယ်စပ်ဒေသများအထိ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ယင်းကဲ့သို့ အောင်မြင်မှုများရရှိခြင်းသည် တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ၏ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ် တစ်နည်းအားဖြင့် ပြည်ထောင်စု စိတ်ဓာတ်ကြောင့်ပင် ဖြစ်သည်။

တပ်မတော်သည် ဒို့တာဝန်အရေးသုံးပါးဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထာဝစဉ် ဦးထိပ်ပန်ဆင်လျက်ရှိသည်။ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုစိတ်ဓာတ်နှင့် တိုင်းရင်းသားအားလုံး၏ အကျိုးစီးပွားကို ဖော်ဆောင်မည့်ဝါဒဖြစ်သကဲ့သို့ မျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့် ဝံသာနုရက္ခိတ တရားလည်း ဖြစ်သည်။ တိုင်းပြည်အတွက် ကောင်းမွန်သည့် အနာဂတ်ကို ဖော်ဆောင်နိုင်မည့် အမျိုးသားရေးမူဝါဒလည်းဖြစ်သည်။ ထို့ကြောင့် တပ်မတော်သားများသည် ဒို့တာဝန်အရေးသုံးပါးဟူသည့် အမျိုးသားရေးယုံကြည်ချက်၊ ခံယူချက်အပေါ်၌ ခိုင်ခိုင်မာမာရပ်တည်လျက်ရှိသည်။

ထို့အပြင် ပြည်သူများ၏လိုလားတောင့်တချက်နှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်လျက် ပထမဆုံးအဆင့်ဖြစ်ပြီး အရေးအကြီးဆုံးအဆင့်လည်းဖြစ်သည့် အမျိုးသားညီလာခံ ကျင်းပခြင်း လုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ အရှိန်မှန်မှန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်သည်။ အမျိုးသားညီလာခံကြီးတွင် တပ်မတော်သားများ၏ ကိုယ်စားလှယ်များလည်း အမျိုးသားညီလာခံကိုယ်စားလှယ်များအဖြစ် တစ်တပ်တစ်အား ပါဝင်တက်ရောက်ကာ အမျိုးသားရေးတာဝန်ကြီးအား ထမ်းဆောင်လျက်ရှိသည်ကို ဂုဏ်ယူဝမ်းမြောက်ဖွယ် တွေ့မြင်ရသည်။

သို့ဖြစ်ပေရာ ခေတ်အဆက်ဆက်၌ နိုင်ငံတော်တွင် အရေးကိစ္စပေါ်ပေါက်ခဲ့သည့် အချိန်အခါတိုင်းတွင် တပ်မတော်သည် ပြည်သူလူထုရှေ့က မားမားမတ်မတ်ရပ်တည်ခဲ့ပြီး အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ လှမ်းချီရာတွင်လည်း တိုင်းရင်းသားပြည်သူတို့နှင့် လက်တွဲချီတက်လျက်ရှိပါကြောင်း (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုရေးသားလိုက်ရပါသည်။ ။

ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် မြင်သာ(၁၄/၂)ရပ်ကွက် ကျေးတမာလမ်း ဇေတဝန်အောင်စံ ပရိယတ္တိစာသင်တိုက်အတွင်းရှိ တည်ဆောက်ဆဲ သဒ္ဓမ္မဇောတိကသိမ်ကျောင်းဆောင်အတွက် ကိုအောင်ထွန်းခိုင်-မဌေးဌေးရီတို့က အလှူငွေကျပ်နှစ်သိန်းကို သိမ်ဖြစ်မြောက်ရေးအဖွဲ့နာယက ဦးအောင်မျိုးထံ မတ်၁၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

ဘရာဇီးနိုင်ငံမှာ ကျင်းပခဲ့တဲ့ ကမ္ဘာ့ခရစ်ယာန်ကောင်စီ ညီလာခံကလည်း အမေရိကန်ဦးဆောင်ဆင်နွှဲတဲ့ အီရတ်ကျူးကျော်စစ်ပွဲကို ကန့်ကွက်ရှုတ်ချခဲ့ပါတယ်။ အီရတ်စစ်ပွဲဟာ တစ်ကမ္ဘာလုံးလက်ခံကျင့်သုံးနေတဲ့ လူ့အခွင့်အရေးနဲ့ တရားမျှတမှုကို အရှက်မရှိမျက်နှာပြောင်တိုက်ပြီး ချိုးဖောက်နေခြင်းသာဖြစ်ကြောင်း၊ အမေရိကန်အစိုးရရဲ့ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးနဲ့ ဆင်းရဲမွဲတေမှု တိုက်ဖျက်ရေး မူဝါဒဟာ ကမ္ဘာကိုအန္တရာယ်ပေးလျက်ရှိကြောင်း၊ ဘေးဒုက္ခမျိုးစုံနဲ့ ရင်ဆိုင်နေရပြီး ခိုကိုးရာမဲ့နေကြတဲ့ အီရတ်ပြည်သူတွေအပေါ် ဘုရှ်အစိုးရက အကြောက်တရားဖြင့် လွှမ်းမိုးချုပ်ကိုင်ထားကြောင်း၊ အမေရိကန်ဟာ ကမ္ဘာပေါ်၌ ချမ်းသာကြွယ်ဝသော နိုင်ငံဖြစ်သော်လည်း ၎င်းတို့၏ ခနငွေကြေးကို ဆင်းရဲမွဲတေသည့် လူသားအများစုအတွက် မျှဝေသုံးစွဲမှု မပြုကြောင်း၊ ပြည်တွင်းမှာလည်း လူမျိုးရေးခွဲခြားမှုဝါဒ ခေါင်းထောင် ထလာနေသည်ကို လျစ်လျူရှုထားကြောင်း အဲဒီကောင်စီက ဝေဖန် ထောက်ပြထားပါတယ်။

အောက်စဖို့ဒ်တက္ကသိုလ် သုတေသနအဖွဲ့ တစ်ဖွဲ့ကလည်း အီရတ်အား ကျူးကျော်စစ်ဆင်နွှဲလိုက်ခြင်းသည် အကြမ်းဖက်သမားများအား လက်ဆောင်ပါးလိုက်ရာရောက်ကြောင်း၊ အယ်လ်ခိုင်ဒါတို့ အင်အားကြီး ထွားလာခြင်းကြောင့် အီရတ်စစ်ပွဲသည် နောက်ထပ်တစ်နှစ်နှစ်နှစ်အတွင်း ပြီးဆုံးသွားဖွယ်ရာမမြင်ကြောင်း၊ ပြည်ပကျူးကျော်သိမ်းပိုက်မှုကို အကြောင်းပြု၍ ခုခံရေးသမားများက ဤစစ်ပွဲကို ဆယ်စုနှစ်များစွာ အချိန်ဆွဲပြီး တိုက်ခိုက်သွားလိမ့်မည်ဖြစ်ကြောင်း၊ အီရတ်မှ အမေရိကန်တပ်များ ရုပ်သိမ်းရေးသည် ဗီယက်နမ်စစ်ပွဲမှ အရှုံးဖြင့် ဆုတ်ခွာခဲ့ရသည့် အဖြစ်မျိုးထက် ပိုပြီးသိက္ခာကျမည့်အခြေအနေနှင့်ရင်ဆိုင်ဖွယ်ရှိကြောင်း၊ ဗြိတိသျှအစိုးရအနေဖြင့် ၎င်း၏နိုင်ငံခြားရေးမူဝါဒကို အခြေခံကျကျပြောင်းလဲပြီး အမေရိကန်အစိုးရ၏မူဝါဒနှင့် ပြတ်ပြတ်သားသား လမ်းခွဲသင့်ပြီဖြစ်ကြောင်း သုံးသပ်ချက်စာတမ်းတစ်စောင် ထုတ်ပြန်ကြေညာထားပါတယ်။ ဒါတွေဟာ အမေရိကန်ရဲ့ မူဝါဒမှန်သမျှကို မျက်လုံးစုံမှိတ်နားပိတ်ပြီး လိုက်ပါထောက်ခံနေကြတဲ့ ပြည်တွင်း၊ ပြည်ပမှ အဖျက်သမားတွေ လေ့လာဆင်ခြင်ကြရမယ့် အကြောင်းရင်းတွေပဲဖြစ်ပါ တယ်။

ဖော်ပြပါ လေ့လာဖတ်ရှုရသမျှကို ၇-၂-၂၀၀၆ ရက်နေ့ထုတ် "ဖတ်စရာ" ဂျာနယ်မှာ စဖတ်ရှုလိုက်ရတဲ့ စာရေးဆရာကြီးပါရဂူရဲ့ "ဂျင်နရေးရှင်းဂက်" ဆိုတဲ့ ဆောင်းပါးပါ အချက်အလက်များနဲ့ ဆက်စပ်ပြီး ကောက်နုတ် ဖော်ပြလိုပါတယ်။ ဆရာပါရဂူက "လူမျိုးလူမျိုးတိုင်း၌ရှိသော ဓလေ့ထုံးစံနှင့် အစဉ်အလာတစ်ခု ရှိသည်။ ရှေးရှေးဘိုးစဉ်ဘောင်ဆက်များ တွေ့ကြုံရရှိသော လူသားအတွေ့အကြုံကို နှောင်းလူများ မှတ်သားလေ့လာ သော ဓလေ့ထုံးစံနှင့် အစဉ်အလာဖြစ်၏။ ယခုခေတ် ရေပန်းစားနေသော ယဉ်ကျေးမှုနှင့် လူနေမှုဘဝသည် တစ်စုံတစ်ခုသော အတိုင်းအတာ အထိသာခံသော ဟီးရိုးများကို ဖန်တီးပေးသည်။ ယင်းလှုပ်ရှားမှုများသည် နိုင်ငံရေးလည်းဖြစ်ချင်ဖြစ်မည်၊ လူမှုရေးလည်း ဖြစ်ချင်ဖြစ်မည်။ သို့သော်လည်း အကောင်းနှင့်အဆိုး ခွဲခြားသိနိုင်ဖို့ရန်အတွက် ခေတ်လူများအနေဖြင့် ရှေးမိဘဘိုးဘွားများတွင်ရှိသော အသိတရားမျိုးရှိဖို့ လိုနေ၏။ ယင်းအချက်နှင့် စပ်လျဉ်း၍ မြတ်စွာဘုရား ဟောကြားထားသော ကာလမသုတ်ထက် ပိုပြီးကောင်းသော အကြံပေးချက် အခြားမရှိပေ။ **"အယူအဆတစ်ခုခုသည် အကျိုးဖြစ်ထွန်းမှုလည်း မရှိ၊ ယုတ္တိလည်းမရှိ၊ ပညာရှင်များလည်း မနှစ်မြို့က်၊ သူတစ်ပါးကိုလည်း ထိခိုက်နစ်နာစေ၏။ ယင်းအယူအဆမျိုးကို လက်မခံသင့်ပေ။ အပြစ် ပြောစရာလည်းမရှိ၊ သူတစ်ပါးတို့၏ ကောင်းကျိုးနှင့် နှစ်သက်ရွှင်လန်းမှုကိုလည်း ဖြစ်ပေါ်စေ၏။ ယင်းအယူအဆမျိုးကိုသာ လက်ခံနာယူပြီး အလေ့အကျင့်ပြုလုပ်သင့်၏"** လို့ ရေးသားထားပါတယ်။ ။

နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၆ခုနှစ် မတ်လအတွက် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)
(၂၆-၃-၂၀၀၆)ရက်နေ့
၂၀၀၆ခုနှစ် ဧပြီလအတွက်
(၉-၄-၂၀၀၆)ရက်နေ့ နှင့် (၂၃-၄-၂၀၀၆)ရက်နေ့

✡ ရှေ့ဖုံးမှ

လှည့်လည်ကြည့်ရှု

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မတ် ၁၉ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)သို့ ရောက်ရှိကြပြီး ဆေးမှုန့်အခြောက်လှန်းစက်၊ ဆေးမှုန့်ရောမွှေစက်များ၊ ဆေးပြားနှင့် ဆေးတောင့်ထုတ်စက်များ၊ ထုပ်ပိုးခန်းနှင့် အရည်အသွေးစမ်းသပ်ခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ရှင်းလင်းခန်းမ၌ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)တည်ဆောက်ရသည့် ရည်ရွယ်ချက်များ၊ စက်ရုံကထုတ်လုပ်သွားမည့်ဆေးဝါးများနှင့် ထုတ်လုပ်နေမှုများ၊ ဆေးဝါးစက်ရုံ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် စီမံကိန်းအဆင့်အလိုက် တည်ဆောက်ပြီးစီးပါက ဆေးဝါးလိုအပ်ချက်အပေါ် ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ စက်ရုံမှူး ဒေါက်တာမြင့်စိန်က ထုတ်လုပ်သွားမည့်ဆေးဝါးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်း

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ပြင်ဦးလွင်မြို့နယ်ရှိ အမှတ်(၁) စက်မှုဝန်ကြီးဌာန မြန်မာ့ဆေးဝါးနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်) အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေအားလျှပ်စစ် ၂၄ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည့် မြို့ကြီးရေလှောင်တမံ တည်ဆောက်နေ ကျောက်ဆည်ခရိုင်နှင့်မိတ္ထီလာလွင်ပြင်ဒေသသို့ ရေပမာဏကောပေ ကိုးသိန်းခန့် ပို့လွှတ်နိုင်မည်

လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းရွှေက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ ဒုတိယအဆင့် တည်ဆောက်ဆဲအဆောက်အအုံများနှင့် ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနအနေဖြင့် ဆေးပြား၊ ဆေးတောင့်၊ ထိုးဆေးနှင့် သွေးကြောသွင်း ဆေးရည်များ ပိုမိုဖြည့်ဆည်းပေးနိုင်ရန်နှင့် ပြည်ပမှ

တင်သွင်းမှုကို လျှော့ချနိုင်ရန် ဆေးဝါးလုပ်ငန်းစက်ရုံ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(ပြင်ဦးလွင်)မှ ပထမအဆင့်အဖြစ် ဆေးပြား၊ ဆေးတောင့်များကို ၂၀၀၅ ခုနှစ် မတ်လမှစ၍ စမ်းသပ်ထုတ်လုပ်ခဲ့သည်။ ဒုတိယအဆင့်အဖြစ် ထိုးဆေး၊ ဆေးရည်၊ လိမ်းဆေးနှင့် ဆေးမှုန့်များကို ၂၀၀၆ခုနှစ် ဒီဇင်ဘာလတွင် စတင်ထုတ်လုပ်သွားမည်ဖြစ်သည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မတ် ၂၀ ရက် နံနက်ပိုင်းတွင် ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)သို့ ရောက်ရှိကြပြီး တစ်ခါသုံး ဆေးထိုးအပ်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဝန်ကြီးဦးအောင်သောင်းနှင့်တာဝန်ရှိသူများက သွေးကြောသွင်းဆေးရည် ထုတ်လုပ်ခြင်းနည်းစဉ်များကိုလည်းကောင်း၊ သွေးကြောသွင်းဆေးရည်ထုတ်လုပ်ရေးဌာန အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြသကြသည်။

ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)မှာ တစ်ခါသုံး ဆေးထိုးအပ်၊ သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးတို့ထုတ်လုပ်သွားမည့် စက်ရုံဖြစ်ပြီး ပထမအဆင့်အဖြစ် တစ်ခါသုံးဆေးထိုးအပ်များကို အောင်မြင်စွာ ထုတ်လုပ်လျက်ရှိသည်။ ဒုတိယအဆင့်အဖြစ် သွေးကြောသွင်းဆေးရည်နှင့် ထိုးဆေးများကို ဆက်လက်ထုတ်လုပ်သွားမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဟတ်ယာဉ်ဖြင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီး ကျေးရွာအနီး၌ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇)က တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြို့ကြီးရေလှောင်တမံဘက်စုံ စီမံကိန်းသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေလွှဲဥမင်လိုဏ်အဝင် ဖောက်လုပ်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အလျား ၁၅၃၅ပေ၊ အနက်ပေ ၅၀ရှိ ရေစိမ့်တားနံရံတည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ပဏာမရှင်းလင်း

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၇) ညွှန်ကြားရေးမှူး ဦးမျိုးထွန်းတို့က စီမံကိန်းလုပ်ငန်းဆောင်ရွက်ချက်များနှင့် လုပ်ငန်းပြီးစီးမှုများ၊ မြို့ကြီးရေလှောင်တမံ၊ ရပ်စောက်မြို့နယ်မှ ဇော်ဂျီရေလှောင်တမံနှင့် ရပ်စောက်မြို့နယ်၌ ထပ်မံတည်ဆောက်သွားမည့် ကျိုင်းခမ်းရေလှောင်တမံတို့မှ ရေများဖြင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေဖြည့်ဆည်းပေးနိုင်မည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

မေးမြန်းမှာကြား

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးအတွက် ရေအရင်းအမြစ်ရရှိနိုင်မည့် အခြေအနေများကို မေးမြန်းမှာကြားသည်။

အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့ကြီးရေလှောင်တမံ စီမံကိန်းလုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင်ဆောင်ရွက်ရေး၊ ရေလှောင်တမံ အဆင့်အလိုက် ရေကိုထိရောက်စွာ သိုလှောင်နိုင်ရေးတို့ကို မှာကြားသည်။

တည်ဆောက်ပြီးဖြစ်သည့် ရပ်စောက်မြို့နယ် ဇော်ဂျီရေလှောင်တမံမှ ထုတ်လွှတ်ရေနှင့် မြို့ကြီးရေလှောင်တမံ အထက်ဘက်ရေဆင်းဧရိယာများမှ စီးဆင်းရေများကို ထိန်းချုပ်သိုလှောင်နိုင်ရေးအတွက် မြို့ကြီး ရေလှောင်တမံဘက်စုံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ စဉ့်ကူးမြို့ မာလဲကျေးရွာအနီးရှိ မာလဲနတ်တောင်ရေလှောင်တမံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စီမံကိန်းပြီးစီးပါက ကျောက်ဆည်ခရိုင်အတွင်းရှိ ဇော်ဂျီရေသောက်စနစ်သို့ ရေပမာဏကောပေ ငါးသိန်းခန့်၊ မိတ္ထီလာလွင်ပြင်ဒေသသို့ ရေပမာဏကောပေ လေးသိန်းခန့်ကို လွှတ်ပေးနိုင်မည်ဖြစ်ပြီး ရေအားလျှပ်စစ် ၂၄ မဂ္ဂါဝပ်ပါ ထုတ်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်ခန့်အကွာ ရဲ-ယမန်းကျေးရွာအနီး မြစ်ငယ်မြစ်ပေါ်၌ ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ရဲရွာရေအားလျှပ်စစ် စီမံကိန်းသို့ ရောက်ရှိကြသည်။

ကွန်ကရစ်စတင်သွန်းလောင်း

ရှေးဦးစွာ ရှင်းလင်းဆောင်၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ အကောင်အထည်ဖော်နေမှု

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ရှမ်းပြည်နယ် ရွာငံမြို့နယ် မြို့ကြီးကျေးရွာအနီး၌ တည်ဆောက်နေသော မြို့ကြီးရေလှောင်တမံ ဘက်စုံစီမံကိန်း ရေလွှဲဥမင်လိုဏ်အဝင် ဖောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်း

မာလဲနတ်တောင်ချောင်းပေါ်၌ အလျားပေ ၁၁၈၅၀၊ အမြင့် ၇၂ ပေနှင့် ရေဧက ပေ ၅၇၀၀၀ ကျော် သိုလှောင်နိုင်မည့် မြေသားရေလှောင်တမံတည်ဆောက်၍ ချောင်း လက်ဝဲ/လက်ယာရှိ လယ်မြေဧက တစ်သောင်းခန့်ကို ရေပေး ဝေနိုင်ရန် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်နေ။

အခြေအနေနှင့် RCC ကွန်ကရစ် စတင်သွန်းလောင်းမှုအခြေအနေတို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအားလျှပ်စစ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည်က ပင်မတမံမသွန်းလောင်းမီ အလွတ်သဘော RCC ကွန်ကရစ် စမ်းသပ်လောင်းခဲ့မှုများနှင့် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပင်မတမံ RCC ကွန်ကရစ်ကို စနစ်တကျအလွှာအလိုက် စတင်လောင်းနေမှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ရဲရွာရေအားလျှပ်စစ် စီမံကိန်းသို့ ဆက်သွယ်သည့် ကားလမ်းများကောင်းမွန်ရေးဆောင်ရွက်ထားမှုများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားပြီး Colenco Power Engineering Co., Ltd. မှ အင်ဂျင်နီယာချုပ် Mr. Paulfischer နှင့် CGGC Co., Ltd. မှ ဒုတိယ စီမံချက်မန်နေဂျာ Mr. Huang Lin တို့အားလည်းကောင်း၊ ရေအားလျှပ်စစ် ဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေး ညွှန်ကြားရေးမှူး ဦးမြင့်ဇော်အားလည်းကောင်း သစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက် စီမံကိန်း၌ အသုံးပြုသည့် သဘာဝပိုဇိုလန်နှင့် ကျောက်နမူနာများ၊ RCC ကွန်ကရစ်နမူနာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရေကာနံရံတည်ဆောက်ပြီးစီးမှုများနှင့် ပင်မတမံ RCC ကွန်ကရစ်လောင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် ပင်မတမံအပေါ်ပိုင်းသို့ သွားရောက်၍ ကွန်ကရစ်လောင်းခြင်း လုပ်ငန်း၊ ဒိုဇာဖြင့် ကွန်ကရစ်ဖြန့်ခြင်း၊ Roller အရွယ်အစားမျိုးစုံဖြင့် ကြိတ်ခြင်း၊ Vibrator ဖြင့်ထိုးခြင်း၊ Fogging Machine ဖြင့် Curing လုပ်ခြင်း၊ သိပ်သည်းခိုင်မာမှုကို တိုင်းတာနေခြင်းတို့ကို ကြည့်ရှုလေ့လာအားပေးကြသည်။

ဆက်လက်၍ ရေယူ အဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်းများနှင့် Abutment Gallery တည်ဆောက်ခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး စီမံကိန်းဧရိယာအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ရှင်းလင်းပြသကြသည်။

ထို့နောက် သဘာဝမီးတောင်ချော်(ပိုဇိုလန်)၊ဘိလပ်မြေ၊သဲ၊ကျောက်တို့ကို RCC ကွန်ကရစ်အဖြစ် နည်းစနစ်ကျနစွာ ရောစပ်ထုတ်လုပ်ပေးသည့်စက်ရုံသို့ သွားရောက်၍ စက်ရုံပုံစံငယ်နှင့် စက်ရုံကို ကြည့်ရှုစစ်ဆေးကြသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှာ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၇၉၀ ထုတ်ယူရရှိမည့် စီမံကိန်းကြီးဖြစ်သည့်အပြင် ကမ္ဘာပေါ်၌ RCC တမံ ၂၈၀ ကျော်ရှိသည့်အနက် ကမ္ဘာ့အကြီးစား RCC တမံတစ်ခုဖြစ်သည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရဲရွာရေအားလျှပ်စစ်စီမံကိန်းမှ စဉ့်ကူးမြို့နယ်ရှိ ဆည်တော်ကြီး ရေကူရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် တာဝန်ရှိသူများက စီမံကိန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့က လိုအပ်သည်များကို မေးမြန်းမှာကြားကြသည်။

ပူးတွဲထည့်သွင်း

စဉ့်ကူးမြို့နယ်ရှိ တည်ဆောက်ပြီး ဆည်တော်ကြီး ရေလှောင်တမံအထက်ဘက် ၁၂ မိုင်ခန့်အကွာ နမ့်ပက်ချောင်းပေါ်၌ ဆည်တော်ကြီးသို့ ရေကူပေးမည့် ရေကူရေလှောင်တမံစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ၎င်းစီမံကိန်း၌ ရေအားလျှပ်စစ် မဂ္ဂါဝပ် ၆၀ ထုတ်လုပ်နိုင်မည့် စက်များကိုပါ ပူးတွဲထည့်သွင်း တည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်ပေးသွားမည်ဖြစ်သည်။

ညနေ ၃ နာရီတွင် ရဟတ်ယာဉ်ဖြင့် စဉ့်ကူးမြို့ အရှေ့မြောက်ဘက် ရှစ်မိုင်ခန့်အကွာ မာလဲကျေးရွာအနီး မာလဲနတ်တောင်ချောင်းပေါ်၌ တည်ဆောက်လျက်ရှိသည့် မာလဲနတ်တောင် ရေလှောင်တမံစီမံကိန်းသို့ ရောက်ရှိကြပြီး ရှေးဦးစွာ တည်ဆောက်ပြီး ပင်မတမံအပိုင်းနှင့် ပင်မတမံဆက်လက်တည်ဆောက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ဆက်လက်၍ ရေစိမ့်တားနံရံတည်ဆောက်ခြင်းလုပ်ငန်းများ၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှု စစ်ဆေးကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက စီမံကိန်းနှင့်စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြပြီး ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဝန်ကြီးချုပ်က စီမံကိန်းအမြန်ပြီးစီးရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

အကောင်အထည်ဖော်နေ

မာလဲနတ်တောင်ချောင်းပေါ်၌ အလျားပေ ၁၁၈၅၀၊ အမြင့် ၇၂ ပေနှင့် ရေဧက ပေ ၅၇၀၀၀ ကျော် သိုလှောင်နိုင်မည့် မြေသားရေလှောင်တမံတည်ဆောက်၍ ချောင်းလက်ဝဲ/လက်ယာရှိ လယ်မြေဧကတစ်သောင်းခန့်ကို ရေပေးဝေနိုင်ရန် မာလဲနတ်တောင် ရေလှောင်တမံ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။

ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၁၉ ရက် ညနေပိုင်းတွင် မန္တလေးမြို့ ဈေးချိုရှိ ဈေးချိုဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပသည့် ဟိုတယ်လုပ်ငန်း အခြေခံသင်တန်းများဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားမကျင်းပမီ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် ဈေးချိုရှိမန္တလေးဟိုတယ်နှင့် ခရီးသွားလုပ်ငန်းသင်တန်းဌာန၏ စာသင်ခန်းများနှင့် လက်တွေ့လေ့ကျင့်ခန်းများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်အဖွဲ့ဝင်များ ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးလုပ်ငန်းစက်ရုံ(အင်ရောင်း)၌ တစ်ခါသုံး ဆေးထိုးအပ် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရေကူရေလှောင်တမံ စီမံကိန်း

စဉ့်ကူးမြို့နယ်ရှိ တည်ဆောက်ပြီး ဆည်တော်ကြီး ရေလှောင်တမံအထက်ဘက် ၁၂ မိုင်ခန့်အကွာ နမ့်ပက်ချောင်းပေါ်၌ ဆည်တော်ကြီး သို့ ရေကူပေးမည့် ရေကူရေလှောင်တမံစီမံကိန်း ကို အကောင်အထည်ဖော်ဆောင်ရွက်နေ၊ ၎င်းစီမံကိန်း၌ ရေအား လျှပ်စစ် မဂ္ဂါဝပ် ၆၀ ထုတ်လုပ်နိုင်မည့် စက်များကိုပါ ပူးတွဲထည့်သွင်း တည်ဆောက်၍ ရေအားလျှပ်စစ်ထုတ်ပေးသွားမည်ဖြစ်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုများ

ကြက်ငှက်တုပ်ကွေးရောဂါသည် တိရစ္ဆာန်မှ လူသို့ကူးစက်နိုင်သောရောဂါတစ်ခုဖြစ်ပြီး ၂၀၀၃ခုနှစ် ဒီဇင်ဘာလမှ စတင်၍ အာရှနိုင်ငံ(၁၄)နိုင်ငံနှင့် ကမ္ဘာ့အခြားဒေသ နိုင်ငံ(၃၀) စုစုပေါင်း (၄၄)နိုင်ငံတွင် ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ လူသို့ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၉၆ဦး အသက်ဆုံးရှုံးစေခဲ့သည်။

၂။ မြန်မာနိုင်ငံ၏အခြေအနေ

မြန်မာနိုင်ငံတွင် ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစ၍ မတ်လဆန်းအထိ ကာလအတွင်း စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ်၊ ကန့်ဘလူမြို့နယ်၊ ခင်ဦးမြို့နယ်နှင့် မန္တလေးတိုင်း ပြည်ကြီးတံခွန် မြို့နယ်တို့တွင် ကြက်ငှက်တုပ်ကွေးရောဂါ သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုအချို့ ဖြစ်ပွားခဲ့ပါသည်။ နိုင်ငံကျော်ဖြတ်၍ ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ပြန့်ပွားမှုသည် သဘာဝတောရိုင်းငှက်များမှ တစ်ဆင့် ဖြစ်နိုင်သကဲ့သို့ တရားမဝင် မျိုးကြက်ဥ၊ ကြက်သားပေါက်များ တင်သွင်းမှုကြောင့်လည်း ဖြစ်နိုင်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးထားသော ကြက်များတွင် အခြားရောဂါဖြင့် သေဆုံးမှုဖြစ်ပွားပါက ရောဂါစစ်ဆေးအတည်ပြုမှုကို ရှုပ်ထွေးစေပါသည်။

၃။ လက်ရှိဆောင်ရွက်နေမှု

မြန်မာနိုင်ငံ အလယ်ပိုင်းဒေသ စစ်ကိုင်းတိုင်း အောက်ပိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အဆိုပါ မြို့နယ်လေးမြို့နယ်တွင် တားမြစ်ဇရိယာသတ်မှတ်၍ တိရစ္ဆာန်သွားလာမှု ထိန်းချုပ်ခြင်း၊ ကြက်ဘဲ ဈေးများပိတ်ခြင်းနှင့် ကြက်ဘဲမွေးမြူရေးခြံများ စစ်ဆေးခြင်းများကို ဒေသအာဏာပိုင်၏ လမ်းညွှန်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ ရောဂါစစ်ဆေးမှုဆိုင်ရာများကိုလည်း စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

၄။ ကြက်များတွင် ဖြစ်ပွားသော တုပ်ကွေးလက္ခဏာများ

(က) ကြက်ငှက်များ ရုတ်တရက်သေဆုံးမှုများလာခြင်း၊ ဥကြက်တွင် ဥနှုန်းကျသွားခြင်း။
(ခ) ကြက်များကုပ်၍ အစာစားနှုန်းကျကာ ရေသောက်နှုန်းများ၍ ဝမ်းသွားခြင်း။
(ဂ) အသက်ရှူခက်ခဲခြင်း၊ မျက်ရည်နှင့်နှာရည်ကျခြင်း။
(ဃ) ဦးခေါင်းနှင့် မျက်နှာဖောရောင်လာခြင်း။
(င) အမောက်နှင့် ပါးပျဉ်းဖောရောင်လာခြင်း။
(စ) ခြေထောက်နှင့် ခြေဆစ်တို့တွင် သွေးယိုစီးမှုဖြစ်ပြီး အနီစက်အပြောက်များပေါ်လာခြင်း။
(ဆ) သေနှုန်းမြင့်မားပြင်းထန်ပါက ခြံလုံးကျွတ် သေဆုံးနိုင်ခြင်း။

မြန်မာ့ရုပ်မြင်သံကြား

၂၃-၃-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ချုပ် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၅ခုနှစ်)
- ၈:၀၅ ၆။ တိုင်းရင်းသားရိုးရာအက
- ၈:၁၅ ၇။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ တပ်မတော်နေ့ဂုဏ်ပြုတေး သီချင်းပြိုင်ပွဲဆုရတေးများ (၂၀၀၆ခုနှစ်)
- ၁၆:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) [သတ္တဗေဒ]
- ၁၇:၀၅ ၆။ တေးဂီတအစီအစဉ်
- ၁၇:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၁၇:၂၅ ၈။ **"အလျော်အစား"** ဇင်ဝိုင်း၊ ငွေစင်သွန်း၊ ခင်သန်းနွယ် (ဒါရိုက်တာ-ကျော်ဇောလင်း)
- ၁၇:၃၅ ၉။ တေးဂီတအစီအစဉ်
- ၁၇:၄၅ ၁၀။ နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
- ၁၇:၅၅ ၁၁။ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၁၈:၀၀ ၁၂။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၃။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၄။ ပြည်တွင်းဆီအုန်းစပ်မျိုးအောင်မြင်ထားဝယ်ဒေသတစ်ခွင်
- ၁၈:၅၀ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ရောင်စဉ်မေတ္တာ"** (အပိုင်း-၁၅)
- ၁၉:၄၅ ၁၆။ ပြည်သူ့အတွက်တပ်မတော် (လျှပ်စစ်စွမ်းအား၊ ဟိုတယ်ခရီး၊ ပို့ဆောင်ရေး၊ မီးရထား)
- ၂၀:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ ရုပ်မြင်သံကြားဇာတ်လမ်း **"သားကောင်းမိခင်"** (အပိုင်း-၁) လွင်မိုး၊ ဇင်ဝိုင်း၊ နေတိုး၊ စိုင်းစိုင်းခမ်းလှိုင်၊ ထွန်းထွန်း(Examplez)၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ ပန်းဖြူ၊ သက်မွန်မြင့်၊ ပုလဲဝင်း (ဒါရိုက်တာ-ပန်းချီစိုးမိုး)
- ၂၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **"နှင်းဆီအိပ်မက်"** (အပိုင်း-၁၇)

၅။ ရောဂါကာကွယ်ထိန်းချုပ်ရေး လိုက်နာဆောင်ရွက်ရန်

(က) ကြက်ငှက်တုပ်ကွေးရောဂါဟု သံသယဖြစ်ဖွယ် ကြက်သေဆုံးမှုများကို ကြားသိလျှင် ကြားသိခြင်း နီးစပ်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း (သို့မဟုတ်) မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဝန်ထမ်းများသို့ ချက်ချင်းအကြောင်းကြားရန်။
(ခ) ကြက်သေဆုံးမှု ဖြစ်ပွားပါက ဈေးကွက်အတွင်းနှင့် အခြားဒေသသို့ ဖြန့်ဖြူး ရောင်းချခြင်း(လုံးဝ) မပြုလုပ်ရန်။
(ဂ) မွေးမြူရေးကြက်ငှက်များကို တောရိုင်းကြက်ငှက်များ၊ ဆောင်းခိုငှက်များနှင့် ထိတွေ့မှု မရှိအောင်ထားရန်။
(ဃ) အခြားမွေးမြူရေးခြံမှ ကြက်ငှက်များ တင်သွင်းမွေးမြူမှု မပြုရန်နှင့် ကြက်၊ ဘဲ၊ ငုံးနှင့် ဝက်အတူထားရှိ မွေးမြူမှု မပြုရန်။
(င) မိမိကြက်ခြံအတွင်းသို့ ဧည့်သည်သူစိမ်းများနှင့် ကလေးငယ်များအား ဝင်ရောက်မှု မပြုစေရန်။
(စ) မည်သူမဆို ကြက်ခြံအတွင်းဝင်ရောက်ပါက သတ်မှတ်ထားသည့် ဖိနပ်၊ ဝတ်စုံ၊ ခေါင်းစည်း၊ နှာခေါင်းစည်းနှင့် လက်အိတ်များ ဝတ်ဆင်ဝင်ရောက်ရန်။
(ဆ) ကြက်ခြံအတွင်းသို့ ပြင်ပပိုးများ မဝင်ရောက်ရန် ထုံး၊ ပိုးသတ်ဆေးများသုံး၍ ပုံမှန်သန့်ရှင်းရန်။
(ဇ) ကြက်ခြံလုပ်သားများ ကြက်၊ ဘဲ ဈေးဒိုင်သို့ သွားရောက်မှုမပြုရန်နှင့် သွားမိပါက အဝတ်အစား နှင့် ဖိနပ်လဲ၍ ပိုးမွှားသန့်စင်ပြီးမှသာ မိမိခြံတွင်းဝင်ရောက်ရန်။
(ဈ) ကြက်ငှက်တုပ်ကွေးရောဂါ လူသို့ကူးစက်မှုမရှိရေး အန္တရာယ်ကင်းဝေးစေရန်အတွက် ကြက်၊ ဘဲ အသားများနှင့် ကြက်ဥ၊ ဘဲဥများကို သေချာစွာကျက်အောင် ချက်ပြုတ် စားသောက်ရန်။

၆။ တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်၍ တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေး ဥပဒေပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါသည်။ ကြက်ဘဲမွေးမြူထုတ်လုပ်သူ၊ သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်ထိန်းချုပ်ရေး ထိရောက်မှုရှိစေရန်အတွက် ဝိုင်းဝန်း ကူညီ လိုက်နာဆောင်ရွက်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

23-3 (10).p65 1 1/5/32, 12:34 PM

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

● *ကျောဖုံးမှ*

ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် နံနက်ပိုင်းတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြသည်။

ဖွင့်ပွဲတက်ရောက်

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန တည်ဆောက်ရေး(၄)တို့က တည်ဆောက်သည့် ရဲနွယ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကိုကို၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ပဲခူးတိုင်း ပဲခူးခရိုင် ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့မှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂျပန်နိုင်ငံမှ အတိုင်ပင်ခံပညာရှင်များ၊ ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်တို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့မှ တာဝန်ရှိသူများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းမိသားစုများ၊ ဒေသခံတိုင်းရင်းသားများ၊ ဘင်ခရာနှင့် ပန်းပွားအဖွဲ့ဝင်များ၊ မင်္ဂလာစည်တော်အဖွဲ့နှင့် ရိုးရာအကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဝမ်းမြောက်ဂုဏ်ယူ

ရှေးဦးစွာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အမှာစကားပြောကြားရာတွင် မိမိတို့ တပ်မတော်အစိုးရလက်ထက်တွင် တောင်သူလယ်သမားကြီးများအကျိုးအတွက် ရည်စူး၍ ဆည်မြောင်းတာတမံများကို အင်တိုက်အားတိုက် အစီအရီ တည်ဆောက်ပေးလျက်ရှိရာ၌ ၁၈၄ ခုမြောက်ဖြစ်သည့် ရဲနွယ်ရေလှောင် တမံကြီးကို ယနေ့ အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ပြီ ဖြစ်ကြောင်း၊ ယင်းအတွက် နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်ထားရှိသည့် မွန်မြတ်သော စေတနာ၏ အကျိုးရလဒ်ကောင်းတစ်ခု လက်တွေ့ အကောင်အထည်ပေါ် ဖြစ်ထွန်းလာခဲ့ပြီဖြစ်၍ နိုင်ငံတော်အစိုးရ ကိုယ်စား များစွာ

သို့ဖြစ်၍ ယခုရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းအနေဖြင့် လယ်မြေ ဧက ၁၁၈၅၀၀နှင့် သီးနှံ စိုက်ဧက ၂၃၇၀၀၀ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်သကဲ့သို့ ဒေသနေ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည် ဖြစ်၍ ပြည်သူများ၏ လူမှုရေးဘဝ၊ စီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့် ရပ်ရွာ၊ ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် များစွာအထောက်အကူပြုနိုင်မည် အမှန်ပင်ဖြစ်ကြောင်း။

ကာကွယ်ပေးနိုင်မည်

ထို့အပြင် ရဲနွယ်ရေလှောင်တမံက ရေကိုထိန်းချုပ်သိုလှောင်ပေးခြင်းအားဖြင့် ပွန်တန်ဆာလွင်ပြင် ရေလွှမ်းမိုးမှုကို ကာကွယ်ပေးနိုင်မည် ဖြစ်သကဲ့သို့ စစ်တောင်းမြစ်ရေကြီးမှုကိုများကို နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အဖိုးတန်လယ်မြေများပြောင်းလဲ

ထို့ကြောင့် ယနေ့ဖွင့်လှစ်လိုက်သည့် ရဲနွယ်ရေလှောင်တမံ၏ အကျိုးကျေးဇူးများသည် အခြားသော စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးအစီအမံများနှင့် စနစ်တကျပေါင်းစပ်မိပြီး ပွန်တန်ဆာလွင်ပြင်အပါအဝင် ပဲခူးတိုင်းအတွင်းတွင်ရှိသည့် ယခင်က စိုက်ပျိုး၍မဖြစ်သည့်ရေကြီးရေနက်ကွင်းနှင့် ရေငန်ဝင်ရောက်ရာဒေသများသည် စိုက်ပျိုးဖြစ်ထွန်းသော အဖိုးတန်လယ်မြေများအဖြစ် ပြောင်းလဲလာစေမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေရန် နယ်မြေပေါင်း ၁၈၄ ခု တည်ဆောက်ပေးခဲ့ပြီးဖြစ်၍ လယ်မြေဧက ၂၅၈၇၀၀၀ ကျော်ကို စိုက်ပျိုးရေ တိုးတက်ပေးဝေနိုင်နေပြီဖြစ်ကြောင်း။

စိုက်ပျိုးမြေတိုးချဲ့ဖော်ထုတ်ပေးမှု၊ စိုက်ပျိုးရေတိုးတက်ဖြန့်ဝေပေးနိုင်မှု၊ စိုက်ပျိုးရေးနည်းပညာသစ်များနှင့် မျိုးကောင်းမျိုးသန့်များ တိုးတက်အသုံးပြုနိုင်မှုတို့ကြောင့် ယခုဆိုလျှင် နိုင်ငံတော်အတွင်း စိုက်ပျိုးမြေများ တိုးပွားလာခဲ့ပြီဖြစ်သကဲ့သို့ သီးနှံစိုက်စွမ်းအားနှင့် အထွက်နှုန်းများသည်လည်း သိသိသာသာတိုးတက်မြင့်မားလာခဲ့ပြီဖြစ်ကြောင်း။

ထို့ကြောင့် ၁၉၈၈-၈၉ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်အတွင်း အသားတင် စိုက်ပျိုးမြေဧက ၁၉ ဒသမ ၅၁ သန်းသာ ရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆

အခါတွင် လယ်မြေဧကနှစ်သိန်းကို တိုးတက်အကျိုးပြုနိုင်မည်ဖြစ်သကဲ့သို့ စီမံကိန်းနှစ်ခုပေါင်းသည် လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၇၀ ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်း။

ဆက်လက်တည်ဆောက်သွားမည့် ဘောဂတ ရေလှောင်တမံစီမံကိန်းက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၆၀၊ သောက်ရေခပ် ရေလှောင်တမံစီမံကိန်းက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၅၀ ထုတ်လုပ်ပေးနိုင်ဦးမည်ဖြစ်၍ ပဲခူးတိုင်း၏ လျှပ်စစ်စွမ်းအားလိုအပ်ချက်ကို သိသိသာသာ တိုးချဲ့ဖြည့်ဆည်းပေးနိုင်မည့် အစီအမံများ စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်းကို ဒေသနေပြည်သူများအား အသိပေးပြောကြားလိုကြောင်း။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရဲနွယ်ရေလှောင်တမံကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

ဝမ်းမြောက် ဂုဏ်ယူမိပါကြောင်းကို ပထမဦးစွာ ပြောကြားလိုကြောင်း။

ယခု ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသည် စစ်တောင်းမြစ်ဝှမ်း ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများတွင် အရေးပါသည့် အစိတ်အပိုင်း တစ်ရပ်အနေဖြင့် ထည့်သွင်းစီမံ အကောင်အထည်ဖော်ပေးခဲ့သော လုပ်ငန်းအစီအစဉ် တစ်ခု ဖြစ်သည်နှင့်အညီ စစ်တောင်းမြစ်ဝှမ်း ဒေသအတွင်း စိုက်ပျိုးရေ လုံလောက်စွာ ရရှိရန် ရာသီမရွေး ဆည်ရေပို့လွှတ်ပြီး သီးထပ်စိုက်ပျိုးနိုင်စေရန် ယခင်က ရေကြီးရေနက်ကွင်းများ ဖြစ်နေသည့် ပွန်တန်ဆာလွင်ပြင်နှင့် တစ်ဆက်တစ်စပ်တည်းဖြစ်သော ပဲခူးလွင်ပြင်တို့ကို ရေလွှမ်းမိုးမှုက ကာကွယ်ပေးရန် အပြင် ဒေသနေ ပြည်သူများအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးရန် ဆိုသည့် မြင့်မားသော ရည်မှန်းချက်အသွယ်သွယ်ဖြင့် စီမံဆောင်ရွက်ပေးခဲ့သည့် ဘက်စုံစီမံကိန်းတစ်ရပ်ဖြစ်ကြောင်း။

လည်း ၆၀ ရာခိုင်နှုန်းအထိ လျော့ပါးသက်သာစေမည်ဖြစ်ကြောင်း။

စစ်တောင်းမြစ်ဝှမ်းဒေသသည် ပဲခူး-စစ်တောင်းတူးမြောင်း တိမ်ကောလာမှု၊ ပဂိုင်တာယိုယွင်းလာမှု၊ တစ်ဆက်တည်းမှာ ချောင်းကောမြောင်းကောများ ပေါ်ပေါက်လာမှုတို့ကြောင့် ပဲခူးမြစ်နှင့် စစ်တောင်းမြစ်တို့၏ ရေထုတ်နုတ်နိုင်မှုလျော့ပါးလာပြီး ပွန်တန်ဆာလွင်ပြင်၊ ပဲခူးလွင်ပြင်တို့သည် ရေကြီးရေနက်ကွင်းများဖြစ်လာခဲ့ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်တောင်းမြစ်ဝှမ်းဖွံ့ဖြိုးရေးစီမံကိန်းကိုချမှတ်ပြီး ရှမ်းကိုင်း၊ ပိုင်ကျုံ၊ တာဝ၊ ရွှေလှေ စသည့်ရေထိန်းတံခါးကြီးများကို အကွက်ချတည်ဆောက်ပြီး ရေအတက်အကျကို ထိန်းချုပ်မှုများ၊ ရဲနွယ်၊ ဘိုင်းဒါး၊ ကောလိယစသည့် ချောင်းများပေါ်၌ ဆည်များတည်ဆောက်ပြီး တောင်ကျရေစီးဆင်းမှုကို ထိန်းသိမ်းပေးမှုများ၊ ချောင်းကော၊ မြောင်းကောများ တူးဖော်မှု၊ ကန်ပတ်တာများတည်ဆောက်မှုစသည့် သဘာဝရေမြေကိုထိန်းသိမ်းမှုအစီအမံ

ဒေသအလိုက် ဖွံ့ဖြိုးမှုစီမံကိန်းများဖြင့် တစ်နိုင်ငံလုံးလွှမ်းခြုံသည့် ဖွံ့ဖြိုးရေးစီမံကိန်းများကို သဟဇာတ ဖြစ်ဖြစ်ပေါင်းစပ်ပြီး ပြည်ထောင်စုကြီး၏ နယ်မြေဒေသများအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားရေးဘဝတိုးတက်မြင့်မားလာစေရန် စနစ်တကျစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် စိုက်ပျိုးရေးကဏ္ဍသည် ပြည်သူများ၏ စားဝတ်နေရေး ပြည့်စုံဖူလုံစေရေး၊ ဒေသအလိုက်စားနပ်ရိက္ခာဖူလုံစေရေး၊ အမျိုးသားစီးပွားရေးခိုင်မာတောင့်တင်းစေရေး တို့အတွက် အဓိကဖော်ဆောင်ပေးနေသည့်အခြေခံအကျဆုံးစီးပွားရေးကဏ္ဍတစ်ရပ် ဖြစ်ခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးရည်မှန်းပြီး ဆည်မြောင်းတာတမံများ၊ လျှပ်စစ်မြစ်ရေတင်စီမံကိန်းများ၊ ရေထိန်းတံခါးကြီးများ စသည့် အခြေခံအဆောက်အအုံများကို အလုံးအရင်းဖြင့် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

တိုးတက်ပေးဝေနိုင်ပြီ

ယနေ့ဆိုလျှင် ရဲနွယ်ရေလှောင်တမံအပါအဝင် ဆည်မြောင်းတမံ

ဘဏ္ဍာနှစ်တွင် အသားတင်စိုက်ပျိုးမြေဧက ၂၆ ဒသမ ၈၉ သန်း ရှိလာခဲ့ပြီဖြစ်ကြောင်း။

သီးထပ်စိုက်ပျိုးမှု၊ နွေစပါးစိုက်ပျိုးမှုများ၏ အကျိုးကျေးဇူးကြောင့် သီးနှံစိုက်ပျိုးမြေအနေဖြင့် ၁၉၈၈-၈၉ ဘဏ္ဍာနှစ်တွင် ဧက၂၃ဒသမ၈၀သန်းသာရှိခဲ့ရာမှ ၂၀၀၅-၂၀၀၆ ဘဏ္ဍာနှစ်တွင် ဧက ၄၃ သန်းအထိ တိုးတက်လာခဲ့ခြင်းကြောင့် ယခုကာလအတွင်းတွင် သီးနှံစိုက်ဧက ၁ ဒသမ ၉ ဆ တိုးလာခဲ့ပြီး သီးနှံစိုက် စွမ်းအားသည်လည်း ၁၁၉ ဒသမ ၆ ရာခိုင်နှုန်းမှ ၁၅၇ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်မားလာခဲ့ပြီဖြစ်ကြောင်း။

အကျိုးပြုလျက်ရှိနေ

ပဲခူးတိုင်းအနေဖြင့်ကြည့်မည်ဆိုပါက ယခုဖွင့်လှစ်သည့် ရဲနွယ်ရေလှောင်တမံအပါအဝင် မိမိတို့တပ်မတော်အစိုးရလက်ထက်တွင် တည်ဆောက်ပေးခဲ့သည့် ဆည်မြောင်းတမံပေါင်း ၄၂ ခုရှိခဲ့ပြီဖြစ်ပြီး လယ်မြေဧက ၇၈၅၀၀၀ ကျော်ကို အကျိုးပြုလျက်ရှိနေပြီဖြစ်ကြောင်း။

တည်ဆောက်ဆဲစီမံကိန်း ငါးခုအနက် ဖြူးချောင်းရေလှောင်တမံနှင့် ခပေါင်းရေလှောင်တမံတို့ ပြီးစီးသည့်

ဒေသခံပြည်သူများဘက်ကလည်း နိုင်ငံတော်က ပံ့ပိုးဖြည့်ဆည်းပေးနေသည့် ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိရောက်အကျိုးရှိစွာ တန်ဖိုးရှိရှိ အသုံးပြုပြီး စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စက်မှုအခြေခံသည့် စိုက်ပျိုးရေး လုပ်ငန်းများဖြစ်ထွန်းလာအောင်နှင့် စိုက်ပျိုးရေးအခြေခံသည့် စက်မှုလုပ်ငန်းများ အပါအဝင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ကြောင်း။

ပီပီပြင်ပြင်ဖြစ်ထွန်းရေး

အထူးသဖြင့်လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ထိထိရောက်ရောက်နှင့် သိသိသာသာ မြှင့်တင်နိုင်စေရန်အတွက် ထွန်ယက်မှု၊ စိုက်ပျိုးမှု၊ ရိတ်သိမ်းမှု၊ ခြွေလှေ့မှု အဆင့်ဆင့်တွင် စက်ကိရိယာအင်အားသုံးစွဲသည့် စက်မှုလယ်ယာစနစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

စက်မှုလယ်ယာစနစ်နှင့် ကျေးလက်သုံးစက်ကိရိယာများ အသုံးပြုမှုကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေး

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ရဲနွယ်တမံ ဘက်စုံစီမံကိန်း လယ်မြေဧက ၁၁၈၅၀၀ နှင့် သီးနှံစိုက်ဧက ၂၃၇၀၀၀ ကို ရေပေးဝေနိုင် ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားမှုနှင့် ဒေသဖွံ့ဖြိုးရေး အမှန်ပင်အထောက်အကူပြုမည်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ရဲနွယ်ရေလှောင်တမံ ရှင်းလင်းဆောင်မှ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်မှုကို ကြည့်ရှုစဉ်။
(သတင်းစဉ်)

စာမျက်နှာ ၁၁ မှ

နိုင်မည့် ဘိုင်အိုဒီဇယ်ထုတ်လုပ်နိုင်သည့် ခြစည်းရိုးကြက်ဆူပင်၏ စွမ်းရည်ကို ဖော်ထုတ်ရရှိခဲ့ပြီးဖြစ်၍ ခြစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရေးကို အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း တစ်ဆက်တည်း တိုက်တွန်းမှာကြားလိုကြောင်း။

လက်တွဲပူးပေါင်း

နိဂုံးချုပ်အနေဖြင့်မှာကြားလိုသည်မှာ တောင်သူလယ်သမားများအပါအဝင် နိုင်ငံသူ နိုင်ငံသား ပြည်သူများအားလုံး၏ စားဝတ်နေရေး၊ စီးပွားရေး ပြည့်စုံဖူလုံစေရအောင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ တိုးတက်မြင့်မားစေရအောင် ဘက်စုံကဏ္ဍစုံက စီမံဆောင်ရွက်ဖြည့်ဆည်းပေးနေသည့် နိုင်ငံတော်အစိုးရ၏ စေတနာကို သိမြင်ပြီး မိမိတို့၏ စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် အခြေခံစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းပြီး နိုင်ငံတော်၏ စီးပွားရေးတောင့်တင်းခိုင်မာစေရအောင် ရရှိပြီးဖြစ်သော နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ပြီး တိုးပွားခိုင်ခံ့စေရအောင် ပြည်သူများအားလုံးက စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

နောက်ဆံတင်းစရာမလို

ဆက်လက်၍ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်နှင့် ညောင်လေးပင်မြို့နယ်အတွင်းတွင် မိုးစပါးအတွက် မိုးရေဖြင့် စိုက်ပျိုးရေလုံလောက်စွာ ရရှိကြသည့်အတွက် ရေတော်မိုးတော်စပါးများ စိုက်ပျိုးနိုင်ကြသော်လည်း နွေစပါး စိုက်ပျိုးရေးအတွက် စိုက်ပျိုးရေလိုအပ်ကြောင်း၊ ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ရဲနွယ်ဘက်စုံရေလှောင်တမံကြီးကို စေတနာဖြင့် တည်ဆောက်ပေးသည့်အတွက် လယ်မြေဧက ၁၀၀၀၀၀ နီးပါးကို ရေပေးဝေအကျိုးပြုနိုင်မည်ဖြစ်ပြီး နွေစပါးအတွက်ရေကိုနောက်ဆံတင်းစရာမလို၊ စိုးရိမ်မကင်း ဖြစ်စရာမလိုဘဲ တိုးချဲ့စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

ယခုဖွင့်လှစ်သည့် ရဲနွယ်ဘက်စုံရေလှောင်တမံသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တာဝန်ယူကာ တည်ဆောက်ပြီးစီးခဲ့သည့် ဆည်မြောင်းစီမံကိန်းများ၏ ၁၈၄ ခုမြောက် ရေလှောင်တမံဖြစ်သကဲ့သို့ ပဲခူးတိုင်းအနေဖြင့် ၄၂ ခုမြောက် ရေလှောင်တမံဖြစ်ကြောင်း၊ ယင်းကိန်းဂဏန်းများကို ကြည့်ခြင်းအားဖြင့် နိုင်ငံတော်က တည်ဆောက်ပြီးခဲ့သည့် ရေလှောင်တမံများ၊ ရေထိန်းတံခါးများအနက် ပဲခူးတိုင်းတွင် ၂၃ ရာခိုင်နှုန်း၊ လေးပုံတစ်ပုံခန့် တည်ဆောက်ပေးခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆည်တမံများ တည်ဆောက်ပေးခြင်းကြောင့် ပဲခူးတိုင်း၏ ယခုနှစ် နွေစပါးစိုက်ဧက ၃၂၃၄၅၇ အနက် ၂၀၂၅၈၄ ဧကသည် ဆည်ရေဖြင့် စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးစိုက် စုစုပေါင်း၏ ၆၀ ဒသမ ၀၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ထို့အပြင် ဆည်ရေသေချာခြင်းကြောင့် မိုးစပါးပြီး ဆောင်းသီးနှံ၊ ပဲမျိုးစုံကိုပါ စိုက်ပျိုးပြီး ပဲသိမ်းပြီးနောက် နွေစပါးကိုပါ ထပ်မံစိုက်ပျိုးနိုင်သည့်အတွက် စပါး၊ ပဲ၊ စပါး တစ်နှစ်သုံးသီး ပြည့်ပြည့်ဝဝ စိုက်ပျိုးနိုင်တော့မည်ဖြစ်ကြောင်း။

တိုးတက်လာအောင်

မြန်မာ့စိုက်ပျိုးရေး ကဏ္ဍသည် နိုင်ငံတော်၏ ပံ့ပိုးမှုဖြင့် ပြည်သူတောင်သူလယ်သမားကြီးများ၏ ကြိုးပမ်းအားထုတ်မှု ကောင်းလျှင်ကောင်းသကဲ့သို့ အချိန်တိုကာလအတွင်းတွင် အကျိုးခံစားရသောလုပ်ငန်းဖြစ်ခြင်းကြောင့် တစ်နှစ်ထက်တစ်နှစ် လယ်ယာကုန်ထုတ်စွမ်းအားများ တိုးတက်လာအောင်၊ စိုက်ဧကများ အပြည့်အဝ စိုက်ပျိုးနိုင်အောင်၊ သီးနှံအထွက်နှုန်း ကောင်းလာအောင်၊ သီးထပ်သီးညှပ် စိုက်စွမ်းအားများ မြင့်မားလာအောင်၊ စိုက်ပျိုးရေး ဧရိယာများ ပိုမိုများပြားလာအောင် ယခုကဲ့သို့ ဆည်၊ တမံများကို ငွေကုန်ကြေးကျများစွာ အကုန်ခံပြီး တည်ဆောက်ပေးနေသည်ကို အားလုံး သိရှိပြီးဖြစ်ကြောင်း၊ ထို့အပြင် ယခု ရဲနွယ်ဘက်စုံရေလှောင်တမံ စီမံကိန်းမှ လျှပ်စစ်ဓာတ်အား တစ်နှစ်လျှင် ကီလိုဝပ်နာရီသန်းပေါင်း ၁၂၃ ကို ထုတ်လုပ်ပေးမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများသာမက နိုင်ငံတော်အတွင်း လျှပ်စစ်မီး အလင်းရောင်လိုအပ်နေသော အခြားမြို့နယ်များကိုပါ မကြာမီကာလအတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း။

နိုင်ငံတော်၏စေတနာကို သဘောပေါက်နားလည်ကြသည့် တောင်သူလယ်သမားကြီးများကလည်း မိုးစပါးအပြင် နွေစပါးနှင့် အခြားသီးနှံများကို မရပ်မနား စိုက်ပျိုးထုတ်လုပ်လာကြခြင်းကြောင့် ဝင်ငွေများတိုးတက်လာကာ ဆင်းရဲမှု လျော့နည်းကျဆင်းလာပြီး လူနေမှုအဆင့်အတန်း မြင့်မားလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ပြင် လျှပ်စစ်ဓာတ်အားရရှိကြတော့မည်ဖြစ်၍ လူမှုရေး၊ ပညာရေးနှင့် စက်မှုကဏ္ဍများတွင် မလွဲဧကန်တိုးတက်လာမည်ဖြစ်ပြီး လူနေမှုအဆင့်အတန်း မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ရေလှောင်တမံများ၊ ရေလွှဲဆည်များနှင့် ရေအားလျှပ်စစ် ထုတ်လုပ်နိုင်သည့် ရေလှောင်တမံများကို စေတနာအပြည့်အဝဖြင့် ဆောင်ရွက်ပေးခဲ့မှုကြောင့် ဒေသတွင်း စိမ်းလန်းစိုပြည်ခြင်း၊ စိုက်ပျိုးရေရရှိလာ၍ ဒေသဝမ်းစာ စပါးဖူလုံရုံသာမက ပိုလျှံလာမည်ဖြစ်ခြင်း၊ သန့်ရှင်းကောင်းမွန်သည့် သောက်သုံးရေရရှိခြင်း၊ လျှပ်စစ်ဓာတ်အား ရရှိလာခြင်းကြောင့် လူတို့၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုဘဝတိုးတက်ကောင်းမွန်လာခြင်းစသည့် အကျိုးဆက်များကို ခံစားလာကြရပြီဖြစ်ကြောင်း။

လိုက်နာဆောင်ရွက်

နိဂုံးချုပ်အားဖြင့် နိုင်ငံတော်အစိုးရက စေတနာအပြည့်အဝဖြင့် စီမံဆောင်ရွက်မှုများကို နားလည်သဘောပေါက်ခြင်းနှင့်အတူ တုံ့ပြန်သောအားဖြင့် ဒေသခံပြည်သူလူထုအပေါင်းက ရေလှောင်တမံများ၊ ရေလွှဲဆည်တို့နှင့် ဆက်စပ်လျက်ရှိသည့် ရေပေးမြောင်းများ၊ ရေအားသုံးအဆောက်အအုံများ၊ လျှပ်စစ်မီးလိုင်းများ၊ ပိုင်လွန်(တာဝါ)တိုင်ကြီးများ ရေရှည် တည်တံ့ခိုင်မြဲအောင် ဌာနဝန်ထမ်းများနှင့်အတူ စေတနာ အပြည့်ဖြင့် ပူးပေါင်းကာကွယ် စောင့်ရှောက်သွားကြပါ၊ ရေဝေရေလဲ ဧရိယာရှိ သစ်တောသစ်ပင်များကို ထာဝရစိမ်းလန်းစိုပြည်ရန် စိုက်ပျိုးဧကများ တိုးပွားလာသကဲ့သို့ သီးနှံအထွက်တိုးအောင်လည်း ကြိုးပမ်းဆောင်ရွက်ကြပါ၊ ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြပါ၊ ဆည်မြောင်းတာတမံတူးမြောင်းဥပဒေများ၊ လျှပ်စစ်သုံးစွဲမှုဆိုင်ရာ ဥပဒေများကို တိတိကျကျလိုက်နာ ဆောင်ရွက်ကြပါဟု မှာကြားသွားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက အမှာစကားပြောကြားရာတွင် ရဲနွယ်ရေလှောင်တမံ တည်ရှိသည့် ဒေသတစ်ဝိုက်သည် တစ်ချိန်က တည်ငြိမ်အေးချမ်းမှု မရှိသည့် ဒေသဖြစ်ကြောင်း၊ ဒေသခံများအနေဖြင့် တည်ငြိမ်အေးချမ်းမှု မရှိခဲ့သည့် အတိတ်ကာလ၏ ဆိုးကျိုးများကို ကိုယ်တိုင် ကိုယ်ကျ တွေ့ကြုံခံစားခဲ့ကြရကြောင်း၊ လက်ရှိကာလတွင် ရဲနွယ်ချောင်းဖျားဒေသ၏ တည်ငြိမ်အေးချမ်းမှုနှင့်အတူ ဒေသခံတောင်သူကြီးများနှင့် နယ်မြေလူထု၏ လူမှုစီးပွားရေးဘဝ ပိုမို တိုးတက်မြင့်မားစေသော ရေလှောင်တမံကြီး ဖြစ်ထွန်းပေါ်ပေါက်လာပြီ ဖြစ်သည့်အတွက် ဒေသခံပြည်သူများနှင့်အတူ ထပ်တူဝမ်းသာပီတိဖြစ်မိပါကြောင်း။

လူ့စွမ်းအား အရင်းအမြစ်

မျက်မှောက်ကာလသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး အဖြစ်ပေါ်ပေါက်ရေးအတွက် နိုင်ငံတော် အစိုးရ၊ တပ်မတော်နှင့် ပြည်သူအင်အားစုကြီးသုံးရပ် ပူးပေါင်းလက်တွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည့်ကာလဖြစ်ကြောင်း၊ နိုင်ငံတော်သစ် တည်ထောင်ရာတွင် အခြေခံအုတ်မြစ်များဖြစ်သည့် နိုင်ငံတော် တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသား ပညာရည် မြင့်မားရေးတို့ကိုလည်း အစီအမံများ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် တောင်သူလယ်သမားကြီးများ အပါအဝင် ကျေးလက်ဒေသနေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ဖန်တီးဖော်ဆောင်ပေးနိုင်သည့် စီးပွားရေးကဏ္ဍကြီး ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍသည် တစ်မျိုးသားလုံး၏ စီးပွားရေးတွင် ၄၁ ဒသမ ၂ ရာခိုင်နှုန်းအထိ အချိုးအစား ကြီးမားစွာ ပါဝင်နေပြီး ပြည်ပပို့ကုန် တန်ဖိုးတွင် ၁၁ရာခိုင်နှုန်းအထိ ပါဝင်လျက်ရှိကြောင်း။

ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းအောင်ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးကို အခြေခံပြီး အခြားသော စီးပွားရေးလုပ်ငန်းများကို ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းသည် လက်တွေ့ကျသော လမ်းစဉ် ဖြစ်ကြောင်း၊စိုက်ပျိုးရေးထုတ်လုပ်မှု တိုးတက်မြင့်မားစေရန်အတွက် မြေယာသစ်များ တိုးချဲ့စိုက်ပျိုးရေး၊ တစ်ဧက၏ အထွက်နှုန်းများ တိုးတက်လာစေရေး၊ သီးနှံစိုက်စွမ်းအားတိုးတက်လာစေရေး၊ စိုက်စရိတ် ကျဆင်းရေး၊ လေလွင့်ဆုံးရှုံးမှု နည်းပါးစေရေးတို့အတွက်လည်း စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် စိုက်ပျိုးရေးကဏ္ဍ၏ အဓိက လိုအပ်ချက်တစ်ရပ်ဖြစ်သည့် စိုက်ပျိုးရေရရှိရေး၊ စိုက်ပျိုးမြေများ ရေလွှမ်းမိုးမှု ကာကွယ်ပေးနိုင်ရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား ကျခံသုံးစွဲပြီး ဆည်မြောင်းတာတမံများ၊ ရေထိန်းတံခါးကြီးများ၊ မြစ်ရေတင်စီမံကိန်းများ၊ မြေအောက်ရေရရှိရေးလုပ်ငန်းများကို ရေမြေသဘာဝအခြေအနေအလိုက် တစ်နိုင်ငံလုံးတွင် ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီစိုက်ပျိုးထုတ်လုပ်ရေးတွင် အဓိကကျသည့် စိုက်ပျိုးရေရရှိရေးအတွက် မြန်မာနိုင်ငံအထက်ပိုင်း၊ အလယ်ပိုင်းနှင့် မိုးနည်းရေရှားဒေသများ၌ အကြီးစား၊ အလတ်စားနှင့် အငယ်စား ရေလှောင်တမံစီမံကိန်းများ၊ မြစ်ရေတင်စီမံကိန်းများကို လိုအပ်ချက်နှင့်အညီ ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိသည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၌လည်း ရေလှောင်တမံစီမံကိန်းများ၊ ရေထိန်းတံခါးစီမံကိန်းကြီးများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ရေအရင်းအမြစ်များအပေါ် အခြေခံပြီး ရေအားလျှပ်စစ်ပါ တွဲဖက်ထုတ်လုပ်ပေးနိုင်သည့် ယခုကဲ့သို့ ဘက်စုံစီမံကိန်းကြီးများကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် ရဲနွယ်ရေလှောင်တမံစီမံကိန်းသည် လျှပ်စစ်စွမ်းအားကိုပါ ထုတ်လုပ်ပေးနိုင်တော့မည့် နိုင်ငံတော်၏ ၁၈၄ ခုမြောက် ဆည်မြောင်းစီမံကိန်းအဖြစ် မှတ်တမ်းတင်ထားနိုင်ခဲ့ပြီဖြစ်ပါကြောင်း။

ဒေသမရွေးပေါက်ရောက်

ယနေ့ကမ္ဘာတွင်တွင်းထွက်လောင်စာဆီကို အစားထိုးနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ကြံစည်ကြိုးပမ်းလျက်ရှိကြောင်း၊ အပင်များကရရှိသည့် ဇီဝဒီဇယ်ထုတ်လုပ်မှုသည်လည်း အရေးပါသည့် ကဏ္ဍတစ်ခုအဖြစ် တွေ့ကြရမည်ဖြစ်ကြောင်း၊ ဇီဝဒီဇယ် ထုတ်လုပ်နိုင်သည့် ခြစည်းရိုးကြက်ဆူသည် မြန်မာနိုင်ငံအတွင်း ဒေသမရွေး၊ မြေမရွေးပေါက်ရောက်နိုင်သည့် သီးနှံဖြစ်ကြောင်း။

တောင်သူများအနေဖြင့် မိမိတို့ကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ရရှိသည့် ကြက်ဆူရိုင်းအဆီနှင့် လယ်ယာသုံး စက်ကိရိယာများကို မောင်းနှင်နိုင်ပြီး စက်မှုစွမ်းအားနှင့် စိုက်ပျိုးထုတ်လုပ်မှုကို တိုးတက် မြင့်မားစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

အထောက်အကူပြု

ကျောက်တံခါးမြို့နယ်သည် မိုးရာသီတွင်နှစ်စဉ် မိုးရေချိန်လက်မ ၁၁၀ ရွာသွန်းမှုရှိပါကြောင်း၊ ရဲနွယ်ချောင်းစီးဆင်းရာ စစ်တောင်းမြစ်ရေ မြင့်တက်သည့်အချိန်နှင့် မိုးရွာသွန်းသည့်အချိန် ဆုံလိုက်သည့်အခါ ရဲနွယ်ချောင်းရေမြင့်တက်လာပြီး ကွင်းများအတွင်း ရေနုတ်နိုင်ခြင်း မရှိသည့်အတွက် လယ်မြေများ ရေလွှမ်းမိုးမှုဖြစ်ပေါ်လေ့ရှိကြောင်း၊ ထို့ကြောင့်မိုးစပါးစိုက်ပျိုးမှုသည် အောင်မြင်ဖြစ်ထွန်းရန် အခက်အခဲများဖြင့် ကြုံတွေ့ရလေ့ရှိကြောင်း၊ ယခု ရဲနွယ်ရေလှောင်တမံကြီး တည်ဆောက်ပြီး ရေသိုလှောင်ထိန်းသိမ်းမှု ဆောင်ရွက်လိုက်သည့်အတွက်မိုးရာသီတွင်ကွင်းများရေလွှမ်းမိုးမှုကိုကာကွယ်ပေးပြီး မိုးစပါးများ အောင်မြင်စွာ စိုက်ပျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ မိုးရာသီကုန်တွင် ရေလှောင်တမံက သိုလှောင်ထားသည့် ဆည်ရေဖြင့် သီးထပ် သီးညှပ်များ တိုးတက်စိုက်ပျိုးနိုင်ပြီး လျှပ်စစ်ဓာတ်အားပါ ထုတ်လုပ်ပေးနိုင်အောင် ရည်ရွယ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့

စာမျက်နှာ ၁၂ မှ

ယခု ရေလှောင်တမံစီမံကိန်း ပြီးစီးမှုကြောင့် ၇ ဒသမ ၁ မိုင်ရှိသည့် တူးမြောင်းမကြီးနှစ်ခုနှင့် ၃၀၉ မိုင်ရှည်သည့် လက်တံမြောင်းများက ဤဒေသရှိလယ်မြေဧက ၁၁၅၀၀ ၌ ပထမ တစ်သီးမိုးစပါး၊ ဒုတိယ သီးနှံ နွေစပါး၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံ၊ ဟင်းသီးဟင်းရွက်၊ တတိယသီးနှံ နှမ်း၊ ဟင်းသီးဟင်းရွက်တို့ဖြင့် တစ်နှစ်သုံးသီး စိုက်ပျိုးနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း။

ယခု ရေလှောင်တမံကို နိုင်ငံတော်က ငွေကျပ် ၁၆၁၆၅ သန်း အကုန်အကျခံပြီး စက်အား၊ နည်းပညာအားများဖြင့် ဒေသခံ တောင်သူများ၏ အကျိုးစီးပွားခံစားရအောင် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ရေလှောင်တမံကြီးသည် တမံအမြင့် ၂၅၁ ပေနှင့် တမံအလျား ပေ ၁၀၅၀ ရှိပြီး ရေလှောင်ပမာဏ ဧကပေ ၉၃၁၈၀၀ ရှိကြောင်း၊ ပင်မတမံနှင့် ၇ မိုင်အကွာတွင် အလျား ၉၉ ပေ၊ အမြင့် ၁၇ ဒသမ ၅ ပေရှိသည့် ၁၀ ပေ၊ ၁၅ ပေ ရေထိန်းတံခါး ငါးပေါက်ပါ ရေလွှဲဆည်ကိုလည်း တည်ဆောက်ထားကြောင်း။

မှတ်တမ်းတင်ဂုဏ်ပြု

ယခု ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ငါးနှစ်အတွင်းပြီးမြောက်အောင်မြင်အောင် ကြီးကြပ်စီမံအကောင်အထည် ဖော်ပေးကြသည့် ဒေသအာဏာပိုင် အဖွဲ့အစည်းနှင့် ဝိုင်းဝန်းကူညီပံ့ပိုးကြသည့် အမှတ်(၁) စက်မှုဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန စသည့် အဖွဲ့အစည်းများနှင့်တကွ မိမိတို့ကိုယ်ပိုင် အင်ဂျင်နီယာအတတ်ပညာများဖြင့် စီမံဆောင်ရွက်ပေးကြသည့် ဝန်ထမ်းများကိုလည်း လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

ဤရေလှောင်တမံသည် သားစဉ်မြေးဆက် အကျိုးခံစားသွားနိုင်မည် ဖြစ်သဖြင့် ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်း ကူညီစောင့်ရှောက်ပေးကြရန် မှာကြားကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းကြောင့် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ရှိပါကြောင်းဖြင့် ဒေသခံ ပြည်သူများကိုယ်စား ကျောက်တံခါးမြို့နယ်မှ ဦးကျော်ဆန်းဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ရှေ့၌ နေရာယူကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် မင်္ဂလာအချိန်ကျရောက်သည်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ရဲနွယ်ရေလှောင်တမံ ကမ္ပည်း ကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ထို့နောက် ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးတို့က ရဲနွယ်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ တိုင်းမှူး၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မင်္ဂလာမုခ်ဦးရှေ့၌ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ရဲနွယ်ရေလှောင်တမံ တာပေါင်၊ ရေထိန်းတံခါးနှင့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ ရိုတာ၊ တာဘိုင်ရှပ်ဟက်ကာဘာ တပ်ဆင်မှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ရှုရပ်မှနေ၍ ရဲနွယ်ရေလှောင်တမံကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်အား စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ရဲနွယ်ရေလှောင်တမံဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စန်ဝင်းနှင့် တည်ဆောက်ရေး(၁)မှ ညွှန်ကြားရေးမှူး ဦးမြင့်သန်းတို့က ရဲနွယ်ရေလှောင်တမံ၏ ပင်မလုပ်ငန်းကြီး(၅)ရပ်ဖြစ်သည့် ပင်မတမံ တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲအမှတ်(၁)နှင့်(၂) တည်ဆောက်ခြင်းလုပ်ငန်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းတို့နှင့်စပ်လျဉ်း၍ ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းတင်ပြပြီး လက်ရှိ ဆည်ရေဝင်မှုအခြေအနေနှင့် ရေလှောင်တမံဝန်းကျင်တွင် စားပင်သီးပင်များနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးထားမှုတို့ကို ရှင်းလင်းတင်ပြသည်။ ထို့နောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဦးစီးဌာန အမှတ်(၄) တည်ဆောက်ရေးမှ ညွှန်ကြားရေးမှူး ဦးမော်သာထွေးက ဖိအားမြှင့် သံမဏိပိုက်လိုင်းများ ကွန်ကရစ်လောင်းပြီးစီးမှု၊ ဓာတ်အားပေးစက်ရုံ ဆောက်လုပ်မှု၊ ဓာတ်အားပေးစက်ရုံနှင့် ဆွစ်ယာဒ်တည်ဆောက်ပြီးစီးမှု၊ ဆွစ်ယာဒ်မှဓာတ်အားခွဲရုံသို့ ဓာတ်အားလိုင်းများ သွယ်တန်းပြီးစီးမှု စသည်တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အထူးကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်းသည် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ တည်ဆောက်နေသည့် စစ်တောင်းမြစ်ဝှမ်း ရေအားလျှပ်စစ်စီမံကိန်းများ အနက် စီမံကိန်းတစ်ခုဖြစ်ပုံ၊ ရေလှောင်ကန်မှ ရေအားအမြင့်ကို ရယူ၍ လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ်ထွက်ရှိအောင် စက်များတပ်ဆင်လျက်ရှိပုံ၊ ပြည်ပမှ မှာယူထားသော ပစ္စည်းများ မရရှိသေးမီ အချိန်အလဟဿမဖြစ်စေရန် မိမိတို့လက်ဝယ်ရှိ ပစ္စည်းများဖြင့် တပ်ဆင်လုပ်ကိုင်လျက်ရှိပုံ၊ ဓာတ်အားပေးစက်ရုံ၏ ပထမစက်တစ်လုံးကို ယခုနှစ် ဧပြီလကုန်တွင်လည်းကောင်း၊ ဒုတိယ စက်တစ်လုံးကို မေလကုန်တွင် လည်းကောင်း လည်ပတ်နိုင်ရေး အထူး ကြိုးပမ်းဆောင်ရွက်လျက်ရှိပုံတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထိန်းသိမ်းစောင့်ရှောက်

ရှင်းလင်း တင်ပြချက်များနှင့်စပ်လျဉ်း၍ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ရဲနွယ်ချောင်းသည် ရေစီးသန်သော ချောင်းဖြစ်ပြီး ရေလှောင်တမံ၏ မြေသားအမျိုးအစားမှာ သဲဆန်ပြီး မြေပွအမျိုးအစားဖြစ်၍ ရေလှောင်တမံ တာရှည်ခိုင်ခံ့အောင် အထူးဂရုပြုရန်လိုကြောင်း၊ တမံမှ ရေစိမ့်ယိုခြင်းရှိ မရှိကို မပြတ်စစ်ဆေးရန်နှင့် မိုးတွင်းကာလအတွင်း အထူးဂရုပြု စစ်ဆေးရန်လိုကြောင်း၊ ပျက်စီးမှုများတွေ့ရှိပါက ချက်ချင်းပြုပြင်ခြင်းဖြင့် တမံရေရှည်တည်တံ့ခိုင်မြဲစေရေးကို ထိန်းသိမ်းစောင့်ရှောက်သွားကြရန်လိုအပ်ကြောင်း၊ ရေလှောင်တမံလုပ်ငန်းပြီးစီးပါက စိုက်ပျိုးရေပေးဝေသည့် ရေမြောင်းများကို ဆက်လက် ဖောက်လုပ်သွားရန်လိုကြောင်း၊ ရဲနွယ်ရေလှောင်တမံတွင် ပင်မမြောင်းအရှည် ၁၁ မိုင်နှင့် ရေသွယ်မြောင်းများမှာ ၃၀၉ မိုင် ရှည်လျားမည်ဖြစ်ရာ ရေပေးဝေခြင်းကို မြောင်းများအားလုံး ပြီးစီးသည်အထိ မစောင့်ဘဲ ပြီးစီးမှုအတိုင်းအတာအလျောက် စိုက်ပျိုးရေပေးဝေနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ လျှပ်စစ်စီမံကိန်း အပိုင်းကလည်း လုပ်ငန်းများ အမြန်ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် ဖြစ်ကြောင်း၊ ရည်မှန်းသည့်အတိုင်း တာဘိုင်စက်တစ်လုံးကို လာမည့် ဧပြီလနှင့် ကျန်တစ်လုံးကို မေလတွင် ပြီးစီးအောင်တပ်ဆင်ပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို စောနိုင်သမျှစောစွာ ဖြည့်ဆည်းနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် တပ်မတော်ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

တပ်မတော်နေ့ဂုဏ်ပြု ဇာတ်လမ်းပမာထုတ်လွှင့်မည်

ရန်ကုန် မတ် ၂၂

(၆၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်အဖြစ် ကိုထွေး(ကလော-ဂျီတီအိုင်)၏ **"ဒြပ်မဲ့ကျည်ဆန်များကြားက လမ်းခင်းကြသူများ"**ဇာတ်လမ်းကို ဒေါက်တာခင်မောင်ညွန့် ဘာသာပြန်ဆိုပြီး စတီရီယိုတေးသံရှင် နွဲ့ယဉ်ဝင်းနှင့် မြန်မာ့အသံဝန်ထမ်းများက ပါဝင်သရုပ်ဆောင်ထားကြသည့် "Road makers under formless bullets" ရေဒီယိုဇာတ်လမ်းကို Radio English Programmeမှ မတ် ၂၇ ရက် (တနင်္လာနေ့) ည ၉ နာရီတွင်ထုတ်လွှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဇဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၂

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ ရန်ကုန် ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ ၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဗဟိုအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကျင်းပရေးကော်မတီ အတွင်းရေးမှူး အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်း၊ အဖွဲ့ဝင်များဖြစ်ကြသော ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်း၊ အမှတ်(၁)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးချုပ်ကျော်သူ၊ အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူနှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းများမှ အခြေခံပညာအထက်တန်းနှင့် အလယ်တန်း ကျောင်းသား ကျောင်းသူ ၃၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ အခြေခံပညာအထက်တန်းအဆင့်တွင် **"ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေး၊ တပ်နှင့်ပြည်သူ ကြိုးပမ်းပေး"**ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာ အလယ်တန်းအဆင့်တွင် **"တပ်နှင့်ပြည်သူ လက်တွဲညီ၊ နိုင်ငံတော်သစ်ပေါ်ထွန်းမည်"**ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။ **(သတင်းစဉ်)**

ကမ္ဘာတစ်လွှား အားကစား

လီဗာပူးက ဘာမင်ဂမ်ကို ဂိုးပြတ်အနိုင်ယူ ဝက်စ်ဟမ်းနှင့်အတူ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲတက်ရောက်

လီဗာပူး မတ် ၂၂

အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲအဖြစ် မတ် ၂၁ ရက်က ဘာမင်ဂမ်အသင်းနှင့် လီဗာပူးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ လီဗာပူးက ဂိုးမိုးရွာပြီး အကြိုဗိုလ်လုပွဲသို့ ရောက်ရှိသွားသည်။

လီဗာပူးအသင်းသည်ပွဲစသည်နှင့် လျင်လျင်မြန်မြန် ထိုးဖောက်ကစားရာ တစ်မိနစ်မပြည့်မီ ၅၄ စက္ကန့်အတွင်းမှာပင် စတီဗင်ဂျရတ်၏ အလွတ်တည်ကန်ဘောမှတစ်ဆင့် ဟစ်ပီယာက ဖွေဆော်ဦးဂိုးကို ခေါင်းတိုက်သွင်းယူလိုက်သည်။

ယင်းဂိုးသွင်းပြီး လေးမိနစ်အကြာတွင် ပီတာခရော့ချ်က ဒုတိယဂိုး သွင်းယူပေးခဲ့သည်။ လီဗာပူးအသင်းသည် နှစ်ဂိုးသွင်းထားသော်လည်း ဆက်လက် ဂိုးများရရှိရေးအတွက် တိုက်စစ်ဆင်ကစားရာ ပထမပိုင်းပွဲပြီးခါနီးတွင် ပီတာခရော့ချ်ကပင် တတိယမြောက်ဂိုးကို သွင်းယူနိုင်ခဲ့ပြန်သည်။

ခြေစွမ်းပြ

ဒုတိယပိုင်းပြန်စသည်နှင့်လီဗာပူး တိုက်စစ်မှူးများ၏ ဂိုးသွင်းအရှိန်သည် လျော့မသွားဘဲ ဆက်လက်ခြေစွမ်းပြနေသည်။ ပွဲချိန်တစ်နာရီပြည့်ချိန်တွင် မိုရီယန်တေးစ်က စတုတ္ထမြောက်ဂိုးသွင်းပေးပြီး လီဗာပူးအသင်း၏ ပဉ္စမမြောက်ဂိုးကို ရစ်ဆီက သွင်းယူခဲ့သည်။

လီဗာပူးအသင်းအတွက် ဆဋ္ဌမမြောက်ဂိုးကို အိုလီဗီယာတီဘလီက ကိုယ့်ဂိုးကိုယ် ပြန်သွင်းခဲ့ပြီး ဆစ်ဆေးက သတ္တမမြောက် ပွဲသိမ်းဂိုးသွင်းယူခဲ့သည်။

ဝေဖန်မှု

ဘာမင်ဂမ်အသင်းသည် လီဗာပူးအသင်းအား ဂိုးများများပေးလိုက်ရသဖြင့် ပရီမီယာရှစ်တွင် ဘာမင်ဂမ်နည်းပြ စတိဗ်ဘရုစ်အပေါ် ဝေဖန်မှုများ တိုးလာစေသည်။ နည်းပြဘရုစ်က သုံးဂိုးအသွင်းခံထားရချိန်တွင် နောက်တန်းကစားသမား မာတင်တေလာအစား တီဘလီအား ထည့်ကစားခဲ့သည်။ သို့ရာတွင် ဘာမင်ဂမ်နောက်တန်းခံစစ်တံတိုင်းမှာ လုံအောင် မကာရံနိုင်ခဲ့ပေ။

ဂိုးအများဆုံး

လီဗာပူးအသင်းသည် ချန်ပီယံလိဂ်တွင် ဘင်ဖီကာကိုရှုံးနိမ့်ပြီးနောက် ယခုပွဲအနိုင်ရမှုသည် ဂိုးအများဆုံး သွင်းနိုင်သည့် အနိုင်ပွဲဖြစ်သည်။

ပွဲစပြီး တစ်မိနစ်ပင်မပြည့်သည့် အချိန်တွင် ဟစ်ပီယာက ပထမဆုံး ဖွေဆော်ဦးဂိုး သွင်းယူနိုင်ခဲ့သည်။ ဘာမင်ဂမ်နောက်တန်း ကစားကွက်သည် ပွဲချိန်ငါးမိနစ်အတွင်း လီဗာပူး တိုက်စစ်မှူး ခရော့ချ်၏ ပထမဆုံးဂိုးသွင်းစဉ်ကပင် ခြေပျက်နေခဲ့သည်။ ဂျရတ် ညာတောင်ပံမှ အလွတ်တည်ကန်ဘောကန်သွင်းလိုက်ရာခရော့ချ်၏ ခေါင်းတိုက်သွင်းယူမှုကို ဂိုးသမား တေလာ ဖမ်းချိန်မရဘဲ ဂိုးပေးလိုက်ရသည်။ ယင်းနောက် စတီဗင်ဂျရတ်ကပင် နောက်ထပ် ညာတောင်ပံမှ ဖြတ်တင်လိုက်သောဘောလုံးကို ပီတာခရော့ချ်က တတိယမြောက်ဂိုးအဖြစ် သွင်းယူနိုင်ခဲ့သည်။ ပီတာခရော့ချ် သွင်းသောဂိုးကို ဘာမင်ဂမ် နောက်တန်းလူ မယ်ခ်ီယော့ အချိန်မီလိုက်ဖျက်သော်လည်း မအောင်မြင်ခဲ့ချေ။ ဘာမင်ဂမ်နောက်တန်း ကစားကွက်ပျက်နေချိန် ပထမပိုင်းပွဲပြီးရန် ရှစ်မိနစ်တွင် လူးဝစ်ဂါစီယာ ဂိုးသွင်းခွင့်များ ရရှိခဲ့သေးသည်။

ဘာမင်ဂမ်ကစားသမား ဂျာမိန်းပင်းနန့် ဖြတ်တင်ပို့သောဘောလုံးများမှာ ဘာမင်ဂမ်အသင်းအတွက် ဂိုးသွင်းခွင့် နှစ်ကြိမ်ရခဲ့သည်။ သို့ရာတွင် လီဗာပူးတို့ အပြင်းအထန်ဖျက်ထုတ်ခဲ့မှုကြောင့် ချေပဂိုးများမသွင်းနိုင်ဖြစ်ခဲ့ရသည်။

တွေ့နိုင်ဖွယ်

လီဗာပူးအသင်းသည် ထိုနေ့က ဂိုးကံများကောင်းနေသဖြင့် တစ်နာရီအတွင်းမှာပင် လေးဂိုးသွင်းယူနိုင်ခဲ့သည်။ ယခုနှစ် အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲ၏ အဓိကပြိုင်ဘက်များအဖြစ် လီဗာပူးအသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ထိပ်တိုက်ဆုံတွေ့ဖွယ်ရှိသည်။

လီဗာပူးအသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် မန်စီးတီးကို နိုင်ခဲ့သည့် ဝက်စ်ဟမ်းအသင်းနှင့်အတူ အကြိုဗိုလ်လုပွဲ နောက်ဆုံးလေးသင်းပြိုင်ပွဲအဆင့်သို့ ရောက်ရှိသွားပြီဖြစ်သည်။ **(အင်တာနက်)**

မြင့်မောင်ခိုး

ဘာမင်ဂမ်ကစားသမား အေးဗစ်ဒန်း(ဝဲ)က လီဗာပူး နောက်တန်းကစားသမားထံမှ ဘောလုံးကိုဖြတ်ယူရန် ကြိုးစားစဉ်။

(ဓာတ်ပုံ-အင်တာနက်)



(၆၁)နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်း

“သားကောင်းမိခင်”မှ သရုပ်ဆောင်တို့၏ အနုပညာအားပြိုင်မှုပုံရိပ်များ

ရန်ကုန် မတ် ၂၂

(၆၁)နှစ်မြောက်တပ်မတော်နေ့ဂုဏ်ပြု ရုပ်မြင်သံကြားဇာတ်လမ်းဖြစ်သော“သားကောင်းမိခင်”တွင် ပါဝင်သရုပ်ဆောင်ထားကြသည့် အနုပညာရှင်များ၏ ထူးကဲသောသရုပ်ဆောင်ချက်များကို ပြည်သူတို့ တစ်ဝကြီး နှစ်ခြိုက်စွာ ကြည့်ရှုခံစားရပေတော့မည်။

သတင်းမှတ်စု – မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ – မြန်မာ့အလင်း

လွင်မိုး အပြော

ထန်းတက်သမား ကောင်းလူ အဖြစ် သရုပ်ဆောင်ထားသည့်

ထန်းတက်သမား လွင်မိုး(ကောင်းလူ)နှင့် ဇနီးအဖြစ် သရုပ်ဆောင်သူ စိုးမြတ်သူဇာ(မအိမ်ချစ်)တို့၏ ကြည်နူးမှုပုံရိပ်ကို ဒါရိုက်တာ ပန်းချီစိုးမိုးက ဤသို့ခြယ်မှုန်းပြသထားသည်။ (မြန်မာ့အလင်း)

လွင်မိုး က **“လူတွေက ပိုက်ဆံရတဲ့ အခါ ပြုံးရွှင်နေတတ်ကြတော့ ပိုက်ဆံမရတဲ့ အခါ ငိုနေကြမှာ လား”** ဆိုသည့် အပြောနှင့် သရုပ်ဆောင်မှုများ။

ပီပြင်

ထန်းတက်သမား ကောင်းလူ ၏ ဇနီးသည် မအိမ်ချစ်အဖြစ် သရုပ်ဆောင်ထားသည့် စိုးမြတ်သူဇာက သူ့သားကြီးကို ဆုံးမရာ၌ **“သား ဒီသစ်ပင်ရိပ်ကလေးကို ကြည့်စမ်း၊ အရိပ်မှာ ခိုနေရင် အပူဒဏ်သက်သာပေမယ့် အရိပ်က ခွာထွက်လိုက်ရင်တော့ အရိပ်က မင်းနောက်လိုက်ပါလာမှာ မဟုတ်ဘူး၊ အပူဒဏ်ခံရမှာပေါ့၊ ဒါပေမယ့် အမေ့မေတ္တာ အရိပ်ကတော့ သား နောက်ကို အမြဲတမ်း လိုက်ပါနေမယ်ဆိုတာ သား ယုံပါ”** ဆိုသည့် ပြောစကားများနှင့် သားကောင်း မိခင်တစ်ဦးအဖြစ် ပီပီ ပြင်ပြင် သရုပ်ဆောင်ထားသည့် စိုးမြတ်သူဇာ၏ အနုပညာ အရည်အသွေး ကလည်း အံ့သြလောက်အောင် ပီပြင် လှသည်။

စိတ်ဓာတ်ကြံ့ခိုင်

မိခင်ဖြစ်သူ အလိုလိုက်၍ သား ဖြစ်သူကို ဆိုဆုံးမ မရသည့်အတွက် တူဖြစ်သူ နေတိုးနှင့် ထွန်းထွန်းတို့ကို အလျဉ်းသင့်တိုင်း ဆုံးမစကား ပြောကြားသည့် ဦးဘပွားအဖြစ်ဇင်ဝိုင်း။ **“ဒို့မြန်မာ ခြင်္သေ့တွေဟာ ရဲရင့်ပြီး စိတ်ဓာတ်ကြံ့ခိုင်တဲ့ ခြင်္သေ့မျိုးတွေဖြစ်တယ်၊ တောထဲက ခြင်္သေ့တွေလို ရန်လိုတတ်တဲ့သဘောလဲမရှိဘူး၊ ကိုယ့်ဘဝကိုယ် တည်ဆောက်နိုင်တဲ့ လူငယ်တွေဖြစ်အောင် ကြိုးစားကြ”** ဟု အမြဲသွန်သင်ဆုံးမတတ်သည့် ဦးဘပွားအဖြစ် ဇင်ဝိုင်း၏ သရုပ်ဆောင်မှု အပိုင်းကလည်း အပိုအလိုမရှိ ကွက်တိပင် ဖြစ်သည်။

အရှိန်မြင့်တက်

သားကို အလိုလိုက်လွန်းသဖြင့် လမ်းကြောင်းအမှားပေါ် တွန်းပို့

သားကောင်းမိခင် ရုပ်မြင်သံကြားဇာတ်လမ်းမှ ဇာတ်ဝင်ခန်းတစ်ခန်း။ (မြန်မာ့အလင်း)

သကဲ့သို့ ဖြစ်ခဲ့ရသည့် စိုင်းစိုင်းခမ်းလှိုင်၏မိခင်အဖြစ် မေသဉ္ဇာဦး၏ သရုပ်ဆောင်မှုကလည်း **“သားကောင်းမိခင်”** ဇာတ်ကားအရှိန်ကို မြင့်တက်စေသည်။

ထိထိမိမိရှိလှ

သားကောင်းဖြစ်အောင် အမြဲဆုံးမသွန်သင် ခံခဲ့ရသည့် စိုးမြတ်သူဇာ ၏သားကြီး စစ်နိုင်အဖြစ် နေတိုးကလည်း တပ်မတော်၌ စည်းကမ်း ဖောက်ဖျက်လျှင် ညီအစ်ကိုအရင်းပင် ဖြစ်စေကာမူ ညီဖြစ်သူအား အပြစ်ပေးပုံများကလည်း ထိထိမိမိရှိလှသည်။

တပ်မတော်သား နေတိုးနှင့် သူ၏ဇနီးသည်အဖြစ် ပန်းဖြူတို့၏သရုပ်ဆောင်မှုကလည်း သဘာဝကျကျ။ (မြန်မာ့အလင်း)

သရုပ်ဆောင်ထား

ရန်သူပင်ဖြစ်ပါစေ လိုအပ်ပါက အသက်ကယ်တင်တတ်သည့် တပ်မတော်သားတို့၏ စွမ်းဆောင်ချက်နှင့် တပ်မတော်သည် ယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရန် တာဝန်လည်းရှိသည်တို့ကို ဖော်ကျူးထားသော ဇာတ်လမ်း၌ ဝါရင့်သမ္မာရင့် အနုပညာရှင်တစ်ဦးနှယ် သရုပ်ဆောင်ထားသည့် စိုးမြတ်သူဇာ၏ သားငယ် စစ်ပိုင်အဖြစ် ထွန်းထွန်း၊ ထွန်းထွန်းကို နှစ်သက်နေသူ ရွှေရည်မင်းစံအဖြစ် ပုလဲဝင်း၊ နေတိုး၏ဇနီးသူဇာလှိုင်အဖြစ် ပန်းဖြူ၊ နေတိုး၏ ချစ်သူအဖြစ် သက်မွန်မြင့် တို့ကလည်း သူ့အပိုင်းနှင့်သူ သရုပ်ဆောင်ထားကြသဖြင့် ဇာတ်လမ်း အားကောင်းပြီး သရုပ်ဆောင်များ၊ ဒါရိုက်တာ ပန်းချီစိုးမိုးနှင့် ဇာတ်ညွှန်းရေးဆရာ ငြိမ်းမင်းတို့၏ အနုပညာ ပြောင်မြောက်သော **“သားကောင်းမိခင်”** ရုပ်မြင်သံကြား ဇာတ်လမ်းကို မကြာမီ အားပါးတရ ရှုစားကြရတော့မည်ဖြစ်ပါကြောင်း ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မိခင် မေသဉ္ဇာဦးနှင့်သား စိုင်းစိုင်းခမ်းလှိုင်တို့၏ မိဘနှင့်သားသမီးအကြား မေတ္တာတရားနှင့် သံယောဇဉ် ကြီးမားမှုကို ဤသို့ သ ရုပ် ဆောင် ထားကြသည်။ (မြန်မာ့အလင်း)

ထွန်းထွန်း၊ စိုင်းစိုင်းခမ်းလှိုင်နှင့် ပုလဲဝင်းတို့၏ ပျို့မျစ်သော အနုပညာအပြုံးများကို “သားကောင်း မိခင်” ရုပ်မြင်သံကြား ဇာတ်လမ်းတွင် ဤသို့ တွေ့ကြရမည်။ (မြန်မာ့အလင်း)

23-3 (15).p65 1 1/5/32, 12:34 PM

လားရှိုးမြို့နယ်၌ ပရိတ်ကြီး ၁၁ သုတ်ရွတ်ဆိုပြိုင်ပွဲ ဆုချီးမြှင့်

လားရှိုး မတ် ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော မြို့နယ်အဆင့် ပရိတ်ကြီး ၁၁ သုတ် ရွတ်ဆိုပြိုင်ပွဲကို မတ် ၁၀ ရက် ညနေ ၄ နာရီက လားရှိုးမြို့ သာသနာ့ဗိမာန်တော်တွင် ကျင်းပသည်။

ရွတ်ပွားချီးမြှင့်

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး သံဃနာယကအကျိုးတော်ဆောင် မဟာဂန္ထဝါစကပဏ္ဍိတ အေတီကျောင်းဆရာတော်ဦးဥတ္တမ (သာသနဓဇဓမ္မာစရိယ)ထံမှ ကိုးပါးသီလခံယူဆောက်တည်ကာ သံဃာတော်အရှင်သူမြတ်တို့က မေတ္တာသုတ် ပရိတ်တရားတော် ရွတ်ပွားချီးမြှင့်သည်။

ထို့နောက် ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ပြိုင်ပွဲတွင် အကောင်းဆုံးဆုရအသင်းငါးသင်းတို့အား ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သန့်စင်က ဆုများချီးမြှင့်သည်။ **(အပေါ်ပုံ)**

ယှဉ်ပြိုင်

လားရှိုးမြို့နယ်အဆင့် ပရိတ်ကြီး ၁၁ သုတ် ရွတ်ဆိုပြိုင်ပွဲတွင် ရပ်ကွက်နှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ အသင်း ၁၅ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရေတာရှည်မြို့အဝင် အတုလာဓိပတိ စေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်

ရေတာရှည် မတ် ၁၅

ရေတာရှည်မြို့ မြို့အဝင် မင်္ဂလာသီရိကျောင်းတိုက်အတွင်း တည်ဆောက်ပြီးစီးသော ရေတာရှည်မြို့ အမှတ်(၆)ရပ်ကွက်နေ ဘုရားဒါယိကာမကြီး ဒေါ်မွေးမွေး(ရွှေဆိုင်)မောင်နှမတစ်စုနှင့် အလှူရှင်များ လှူဒါန်းပူဇော်ငွေကျပ်သိန်း ၁၁၀ ဖြင့် အကုန်အကျခံတည်ဆောက်ခဲ့သော အတုလာဓိပတိ ဆုတောင်းပြည့်စေတီတော်မြတ်အထက်ဌာပနာတော်သွင်းခြင်း၊ ထီးတော်တင်၊ အနေကဇာတင် မင်္ဂလာ အခမ်းအနားကို မတ် ၁၃ ရက် နံနက် ၉ နာရီက အဆိုပါစေတီတွင် ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် ပင့်သံဃာ ၄၅ ပါး၊ မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သန်းနှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဌာနဆိုင်ရာများ၊ ယောဂီဝတ်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ပူဇော်

အခမ်းအနားတွင် မင်္ဂလာသီရိကျောင်းတိုက်ဆရာတော် အရှင်ပဝရ(သာသနာ့တက္ကသိလဓမ္မာစရိယ)က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အတုလာဓိပတိ ဆုတောင်းပြည့်စေတီတော်မြတ် အထက်ဌာပနာတော်များ သွင်းခြင်း၊ ရွှေထီးတော် တင်လှူပူဇော်ခြင်း၊ ဘုရားအနေကဇာတင်ခြင်းများကို ဆရာတော်၊ သံဃာတော် များက ဦးစီး၍ ပူဇော်ကြကြောင်း သိရသည်။ **(က-ပ)**

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက်၏ ပရိဝုဏ်အတွင်း ငွေကျပ်သိန်း ၃၀၀အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော သိမ် အဆောက်အအုံသစ်အတွက် မတ် ၈ ရက်က ကျောင်းထိုင်ဆရာတော် သာသနာပြုနယ်လှည့်ဓမ္မကထိကဘဒ္ဒန္တဝိမလထံ မော်လမြိုင်မြို့နေ ဦးမြတ်ထွန်း-ဒေါ်တိုးတိုးစိန်(အာမခံရုံး)မိသားစုက ငွေကျပ် သုံးသိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

မိုးကုတ်ဝိပဿနာ တရားစခန်းပွဲ ပန်းတနော်၌ကျင်းပမည်

ပန်းတနော် မတ် ၈

ပန်းတနော်မြို့ သာသနာဟိတာရာမ ပုခန်းကျောင်းတိုက်အတွင်းရှိ မိုးကုတ် ဝိပဿနာ ဓမ္မရိပ်သာ၌ မြို့နယ်သံဃနာယက(သုဓမ္မာ)အဖွဲ့ဥက္ကဋ္ဌ၊ ပုခန်း ကျောင်းတိုက် ဆရာတော်ဦးပညာသာမိ ဦးဆောင်၍ (၅၇)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ ခုနစ်ရက် တရားစခန်းပွဲကို ဧပြီ ၁၁ ရက်မှ ၁၇ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ တရားစခန်းပွဲတွင် ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်မှ ဆရာတော်ဦးကောဝိဒ၊ ဦးဝိမလနှင့် ဦးသီလာစာရ အရှင်သူမြတ်တို့က ပဋိစ္စသမုပ္ပာဒ်တရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရပ်ဝေးရပ်နီးမှတရားစခန်းဝင်လိုကြသည့် ယောဂီများသည် ဧပြီ ၁၀ ရက် ညနေ ၅ နာရီအရောက် ကြွရောက်ကြရန်နှင့် အရဏ်နှင့် နေ့အာဟာရဘောဇဉ်များ၊ ညနေအချိုရည်များကို အလှူရှင်များက လှူဒါန်းမည်ဖြစ်ကြောင်း အကျိုးဆောင်အဖွဲ့က နှိုးဆော်ထားသည်။ (၃၂၇)

ပင်းတယ၌ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပ

ပင်းတယ မတ် ၁၄

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်းတယမြို့၌ နှစ်စဉ် ကျင်းပမြဲ ဖြစ်သော ရွှေဥမင်သဘာဝလိုဏ်ဂူဘုရားတပေါင်းပွဲတော်ကြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဦးစီး၍ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကိုမတ် ၉ ရက် နံနက် ၈နာရီက အဆိုပါ ပြခန်း ရှေ့၌ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးသန့်ရှင်းမောင်တို့က ပြခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တက်ရောက်လာကြသော ပရိသတ်များက ပြခန်းအတွင်း ပြသထားသော နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ ပြခန်းကို မတ် ၉ ရက် မှ ၁၄ ရက်အထိ ဖွင့်လှစ်ပြသရာ ရပ်နီးရပ်ဝေးမှ ပွဲတော်လာပြည်သူများ စိတ်ဝင်တစား ကြည့်ရှုလေ့လာကြကြောင်း သိရသည်။ (မြို့နယ် ပြန်/ဆက်)

ပေါင်းတည်မြို့နယ် ရဲတပ်ဖွဲ့ တပ်ဖွဲ့ဝင်မိသားစုများ ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းကို မတ် ၁၀ရက်က ပေါင်း တည်ရဲစခန်းဧည့်ရိပ်သာခန်းမ ဆောင်တွင်ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဆရာဝန် ဦးခင်မောင်ထွန်းနှင့် ကျန်းမာရေးဝန်ထမ်းများ ကွင်းဆင်းကုသမှုကို မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးမြင့်အေးနှင့် ပေါင်းတည်ရဲတပ်ဖွဲ့ မိသားစု စည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဥက္ကဋ္ဌ ဒေါ်အေးဝင်းတို့က ကြည့်ရှုအားပေးကြစဉ်။ (၀၆၄)

မန္တလေးတောင်ခြေ ဖားအောက်တောရ သင်္ကြန်တရားစခန်း

မန္တလေး မတ် ၁၅

မန္တလေးတောင်ခြေ ဖားအောက်တောရရိပ်သာ၌ (၁၀)ကြိမ်မြောက် သင်္ကြန်တရားစခန်းပွဲကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဖားအောက်တောရ ဆရာတော်ကြီး၏ ဉပနိဿယအတိုင်း နာယကဆရာတော် ဘဒ္ဒန္တကေသရိန္ဒဦးစီးပြီး ဧပြီ ၉ရက်မှ ၁၇ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ တရားရှုပွားအားထုတ်လိုသူများသည် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၃၉၃၇၁သို့ ဖြစ်စေ ကြိုတင်ဆက်သွယ်စာရင်းပေးသွင်းပြီး ဧပြီ ၈ ရက်အရောက်လာကြရန် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့က နှိုးဆော်ထားသည်။ **(က-ပ)**

ကျောက်ကြီးမြို့နယ်၌ ယင်လုံအိမ်သာအသုံးပြုရန် ပစ္စည်းများလှူဒါန်း

ကျောက်ကြီး မတ် ၁၀

ကျောက်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့ ပူးပေါင်း၍ ဝဲကြီးကျေးရွာရွာလုံးကျွတ် ယင်လုံအိမ်သာအသုံးပြုနိုင်ရန်အတွက် မတ် ၅ ရက်က ပထမအကြိမ်အဖြစ် ယင်လုံအိမ်ခွက်အလုံး ၅၀ကို ကျေးလက်ကျန်းမာရေးမှူး ဦးကွန်းဇော်မင်းထံသို့လည်းကောင်း၊ သံဘိုအလကကျောင်း၊ ယင်လုံအိမ်သာ ဆောက်လုပ်ရန်အတွက် ကျောင်းအုပ်ဆရာကြီး ဦးစိုးသိန်းထံသို့ ငွေကျပ် ၁၀၀၀၀ အားလည်းကောင်း၊ အောင်သုခအမကကျောင်းအတွက် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်စန်းထံသို့ ငွေကျပ် ၅၀၀၀ကိုလည်းကောင်းလှူဒါန်းကြသည်။**(အပေါ်ပုံ)**

ထို့နောက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်မော်မော်က ယင်လုံအိမ်သာခွက်များ လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ

၂၄-၃-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ဘောဇ္ဈင်္ဂသုတ် နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံစီးပွားလုပ်ငန်းများ (တာချီလိတ်မှုကမ်းနားဟိုတယ်၏ ဝန်ဆောင်မှုများ)

၁၁း၃၅ သုတကမ္ဘာ

၁၂း၀၀ ကျန်းမာရေးနှင့်ဆေးပညာ (အာဟာရပြည့်လျှင်ရောဂါစင် ပျော်ရွှင်ကျန်းမာစိတ်ချမ်းသာ)

၁၂း၂၀ ဓာတ်လမ်းပမာနားဆင်စရာ (ကြွေသည့်အရွက်တို့ကြွေလေလည်း ဝေသည့်အရွက်တို့ဝေနေမြဲ)

ညနေပိုင်း

၁၆း၁၀ ဟောပြောချက် (နိုင်ငံအင်အားပြည်သူ့သားများ)

၁၆း၃၀ ဆွေးနွေးခန်း (တာချီလိတ်မြို့နယ်မိခင်နှင့် ကလေးကလေးစောင့်ရှောက်ရေးအသင်း၏ ဆောင်ရွက်ချက်များ)

၁၇း၃၀ ရေဒီယိုမဂ္ဂဇင်း
(၁)ပြည်သူ့အတွက်တပ်မတော် (ခေါင်းကြီး)
(၂)လွမ်းသောရက်တွေကုန်ဆုံးစေ (ဆောင်းပါးသရုပ်ဖော်)

၁၇း၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ

၁၈း၂၅ ကျေးလက်ဇာတ်လမ်း(မရိုးနိုင်တဲ့မရိုး)

၁၈း၃၀ ဆွေးနွေးခန်း (တပ်မတော်နေ့စစ်ရေးတေးဆုရသူများနှင့်ဆွေးနွေးခန်း)

၁၈း၄၀ သိပ္ပံပညာသိကောင်းစရာ (အိပ်ခြင်းနိုးခြင်းသံသရာ-မောင်ဆုရှင်)

၁၉း၁၅ ပညာရှင်ကြီးများ၏ တပ်မတော်နေ့ ဂုဏ်ပြုတေးများ

ကျောက်တန်းမြို့နယ်၌ စာကြည့်တိုက်ပညာအလုပ်ရုံဆွေးနွေး

ကျောက်တန်း မတ် ၃

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ကြီးမှူး၍ စာကြည့်တိုက်ပညာအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၄ ရက်က စုပေါင်းရုံးခန်း၌ ကျင်းပရာ မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန ဦးစီးမှူး ဦးမင်းသူရ၊ ကျေးရွာ ၁၂ ရွာမှ စာကြည့်တိုက် တာဝန်ခံများနှင့် လူမှုရေးအသင်း အဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ဝဲပုံ)**

လှူဒါန်း

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးအောင်နိုင်ဦးက စာကြည့်တိုက် ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပြီး ကျေးရွာစာကြည့်တိုက်တာဝန်ခံများအား စာအုပ်မျိုးစုံ အုပ် ၆၀၀ လှူဒါန်းကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

23-3 (16).p65 1 1/5/32, 12:35 PM

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
ရန်ကုန်တိုင်းတရားရုံး
၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ်–၇၁

ဦးအောင်မြင့် **နှင့်** ၁။ ဦးဗထူး
၂။ ဒေါ်တင်အေးဝင်း

တရားလို **တရားပြိုင်များ**

(၁)တရားပြိုင် ဦးဗထူး (မိုးဝါလက်ဖက်ရည်ဆိုင်ပိုင်ရှင်) ရွှေတိဂုံဘုရားလမ်းနှင့်နဝဒေးလမ်းဆုံ ဒဂုံပန်းခြံထောင့် ဒဂုံမြို့နယ် ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်တရားလို ဦးအောင်မြင့်က ငွေရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကိုချေပပြောဆိုနိုင်သည့် ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် သက်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် ဧပြီ ၇ ရက် (၁၃၆၇ ခု နှောင်းတန်ခူးလဆန်း ၁၀ ရက်)မွန်းမတည့်မီ ၉ နာရီခွဲအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့် နေ့ရက်တွင် မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်၍ စစ်ဆေးသွားမည်ဖြစ်သည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၀၆ ခုနှစ် မတ် ၂၀ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ခင်မောင်ကြီး
တွဲဖက်တိုင်းတရားသူကြီး(၃)
ရန်ကုန်တိုင်းတရားရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့
ချိပ်ပိတ်ဈေးနှုန်းလွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် (သို့မဟုတ်) CIF(Yangon) US$ စနစ်ဖြင့် ဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများ ဖိတ်ခေါ်အပ်ပါသည်–

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	အခွန်အခပေါင်းစည်းပြေစာနှင့် Damand စာရွက်ပုံနှိပ်ပုံစံများ	ရွက်ရေ (၂၂)သိန်း
(ခ)	ကွန်ပျူတာပရင်တာသုံး Ribbon များ	(၅၀)ခု

ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၉–၃–၂၀၀၆ရက် (၁၆း၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာ ပုံစံတစ်စုံလျှင် ကျပ် ၁၀၀၀/–(ကျပ်တစ်ထောင်တိတိ) နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်–၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ကြော်ငြာစာ

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ချမ်းမြသာစည်မြောက်ရပ်ကွက် အကွက်အမှတ် ၈၃၈၊ ဦးပိုင်အမှတ်(၁၄၀)ဘိုးဘွားပိုင်မြေကွက်အား ဒေါ်ခေါင် မှတ်ပုံတင်အမှတ် ၉/မရတ(နိုင်)၀၂၂၃၅ မှ အမှုတွဲအမှတ် ၀၂၉၇/ဘ(ပြောင်း) ၂၀၀၅–၂၀၀၆ ဖြင့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။

ပုလဲရတုမင်္ဂလာဆုတောင်း

ချစ်သော [illegible] (ငြိမ်း) ဦးစောမင်း နှင့် ချစ်မေမေ ဒေါ်တင်တင်ငြိမ်း (ငြိမ်း–[illegible]) တို့၏ (၂၉–၃–၂၀၀၆)ရက်နေ့တွင် ကျရောက်သည့် (၃၅)နှစ်မြောက် "ပုလဲရတုမင်္ဂလာ[illegible]" [illegible]

ချစ်သား/သမီးများ	ချစ်မြေးများ
[illegible] + [illegible]	[illegible]
[illegible] + [illegible]	[illegible]
[illegible] + [illegible]	[illegible]
	[illegible]
[illegible]	[illegible]
[illegible] + [illegible]	[illegible]

ဦးသန့်(ကေအမ်ဝိုင်တီ–၀၀၆၂၂၁) နှင့်အများသိစေရန်

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် ဣန္ဒိတံအိမ်ရာ၊ အမှတ်–၃၁တွင်နေထိုင်ခဲ့သည့် ဦးသန့်သည် ဦးရန်နိုင်၁၃/တကန(နိုင်) ၀၈၀၁၁၅ ပိုင်ဆိုင်သော ဆလွန်းနီဆန်းဘလူးဘတ်အမျိုးအစားမော်တော်ယာဉ် အမှတ်–၁ခ/၉၄၈၂ တိုယိုတာ ပါပလစ်ကာပစ်ကပ်အမျိုးအစား၊ မော်တော်ယာဉ် အမှတ်–ဒ/၃၂၆၀ နီဆန်းဆန်နီပစ်ကပ် အမျိုးအစား၊ မော်တော်ယာဉ်အမှတ် ၁–ခ/၇၁၃၈တို့ကို (၆)လသက်တမ်းကာလဖြင့် ငှားရမ်းသုံးစွဲခဲ့ရာ သက်တမ်းကာလ ကုန်ဆုံးသည့်နေ့တွင် ကားများကို ပြန်လည်အပ်နှံခြင်းမပြုဘဲ ထွက်ပြေးတိမ်းရှောင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဤကြော်ငြာစာ ပါသည့်ရက်မှစ၍ တစ်ပတ်အတွင်း ဦးသန့်အနေနှင့် ဦးရန်နိုင်ထံ ကားများကို လာရောက်အပ်နှံပါရန်နှင့် အပ်နှံခြင်းမရှိပါက ဦးသန့်အပေါ် ပြစ်မှုကြောင်းနှင့် တရားမကြောင်းတို့အရ တရားစွဲဆိုဆောင်ရွက် သွားမည်ဖြစ်၍ ဖြစ်ပေါ်လာမည့် အကျိုးဆက်များသည် ဦးသန့်၏တာဝန်သာဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးရန်နိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်ခင်သန်းဝင်း B.A(Law) LL.B
တရားရုံးချုပ်ရှေ့နေ(စဉ်–၇၀၈၅)
အမှတ် ၁၅၆၊ (ပထမထပ်)
မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း–၂၀၃၀၂၃။

အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းခြင်း

ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ တိုက်အမှတ်–၆၈(အေ–၃)နေ၊ ဒေါ်မီနီ (ခ)ဒေါ်နီနီ(အိုင်အက်စ်အင်န်–၂၀၄၆၄၅)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ–

အထက်ပါအမည်ပါ ဒေါ်မီနီ(ခ)ဒေါ်နီနီသည် ရန်ကုန်တိုင်း၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးလမ်း၊ တိုက်အမှတ်–၆၈(အေ–၃)နေ ဦးဇော်ဝင်းအား ၂၀၀၁ခုနှစ်၊ ဇူလိုင်လ ၄ရက်နေ့စွဲပါ အထူးကိုယ်စားလှယ်လွှဲစာဖြင့် အထူးကိုယ်စားလှယ် လွှဲအပ်ခဲ့ပါသည်။ သို့သော်အဆိုပါ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးဇော်ဝင်းသည်(၂၂–၅–၂၀၀၅)ရက်က ကွယ်လွန်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသဖြင့် အထက်ဖော်ပြပါ ဒေါ်မီနီ(ခ) ဒေါ်နီနီက ဦးဇော်ဝင်းသို့လွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲအပ်စာမှာ ဥပဒေအရ သက်တမ်းကုန်ဆုံးပျက်သုဉ်းသွားပြီဖြစ်ကြောင်းနှင့် အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာကို ဒေါ်မီနီ(ခ)ဒေါ်နီနီက တရားဝင် ပြန်လည်ရုပ်သိမ်းပြီး ဖြစ်ပါကြောင်း မလိုလားအပ်သည့်ကိစ္စများ မဖြစ်ပေါ်စေရန် အများပြည်သူသို့ အသိပေးကြေညာအပ်ပါသည်။

ဒေါ်မီနီ(ခ)ဒေါ်နီနီ၏လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်အေး
တရားရုံးချုပ်ရှေ့နေ(၂၆၃၃)
အမှတ်–၅၅၊ ဒုတိယထပ်၊ အခန်း–၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁က/၇၉၉၃ လက်ဝယ်ရှိသူက (ကမ–၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် (၁၅) ရက်အတွင်း ကညန၊ပြည်နယ်ရုံး (တောင်ကြီး)သို့ ဆက်သွယ်နိုင်ပါကြောင်း။

ကညန၊ပြည်နယ်ရုံး(တောင်ကြီး)။

ကျေးဇူးဆပ်ပါမည်

ဦးလှသန်း ယာဉ်အမှတ် ၁က/၈၆၁၂ ၏ အခွန်ပုံစံ(၁) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ဆက်သွယ်အကြောင်းကြားလာပါက ကျေးဇူးဆပ်ပါမည်။

ဖုန်း–၀၉–၅၀၀ ၉၇၄၉။

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော အလုပ်သမားဝန်ထမ်း လေးခန်းတွဲအိမ်ရာ ပန္နက်ချ ဆောက်လုပ်နေမှုကို မတ် ၅ ရက်က တိုင်းစည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဗျားနို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ရွှေတောင် စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်း

ပြည် ဖေဖော်ဝါရီ ၂၀

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ရွှေတောင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ ကျေးရွာစာကြည့်တိုက်များအတွက် ပြည်မြို့ ရွှေဘုန်းပွင့် စာကြည့်တိုက် ပိဋကတ်ပြတိုက်နှင့် ယဉ်ကျေးမှုပြတိုက်ကော်မတီက စာအုပ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က အဆိုပါ စာကြည့်တိုက် ပိဋကတ်ပြတိုက်၌ ကျင်းပသည်။

ရှင်းလင်းပြောကြားခြင်း — **ရှင်သန်ရေး**

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ဦးခင်မြင့်က ပိဋကတ်တိုက်၊ ပြတိုက်သမိုင်းအကျဉ်းနှင့် စာအုပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး တိုင်း လက်ထောက်ညွှန်ကြားရေးမှူးဦးစိန်တိုးက ကျေးရွာစာကြည့်တိုက်များ ဖွင့်လှစ်ရခြင်းနှင့် ရေရှည်ဖွံ့ဖြိုးရှင်သန်ရေးတို့ကို ပြောကြားသည်။

ပေးအပ်

ဆက်လက်၍ စာအုပ်မျိုးစုံအုပ် ၃၀၀ ကို ကော်မတီဥက္ကဋ္ဌ ဦးခင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဦးမျိုးတင့်နှင့် စည်းရုံးရေးမှူး ဦးရွှေဝင်းတို့က ပေးအပ်ရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်တိုး၊ ခရိုင်ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်နှင့် ရွှေတောင်မြို့နယ် ဦးစီးမှူး ဦးလှမျိုးအောင်တို့က လက်ခံရယူကြသည်။ **(တိုင်း ပြန်/ဆက်)**

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြောင်းမြမြို့နယ် အနေးယာဉ် လုပ်သားများစုပေါင်း၍ မေတ္တာမွန်ဘိုးဘွားရိပ်သာတွင် အဘိုး၊ အဘွားများအတွက် အလှူငွေကျပ် ၆၄၀၀၀၀ ကို အနေးယာဉ် ဥက္ကဋ္ဌ ဦးမောင်လတ်နှင့်အတွင်းရေးမှူး ဦးစိန်သန်းတို့ကမေတ္တာမွန် ဘိုးဘွားရိပ်သာ ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ အတွင်းရေးမှူး ဦးတင်ရိန်တို့ထံ အလှူငွေပေးအပ်စဉ်။ (၃၈၈)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ် စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့်ဆောင်ရွက်လျက်ရှိသော လိမ်ပင်–အောက်ရေကန်ကုန်း ကျေးရွာချင်းဆက် ဂဝံလမ်းဖောက်လုပ်ရန် ကျောက်များစုဆောင်းမှုကို ဖေဖော်ဝါရီ ၂၂ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်ထွန်းတို့ ကွင်းဆင်းကြီးကြပ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ဓမ္မစေတီဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ကြည်စုရပ်ကွက်ဗိုလ်လရောင်လမ်း မိသားစု၏ (၇)ကြိမ်မြောက် နှစ်ကျိပ်ရှစ်ဆူ ပူဇော်ပွဲအကြို ဒုတိယအကြိမ် ဓမ္မသဘင်တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လ သာသနာသက္ကသီလ မဟာဓမ္မာစရိယ (M.A.Buddhism) က မတ် ၂၉ ရက်(ဗုဒ္ဓဟူးနေ့)မှ ၃၁ ရက်(သောကြာနေ့)အထိ ညစဉ် ၆ နာရီမှ စ၍ ဗိုလ်လရောင်လမ်း ဓမ္မာရုံ၌ တရားဟောကြားမည်ဖြစ်ကြောင်းသိရသည်။ **(က–ပ)**

တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ၂၀၀၅–၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသော ဖရဲ–လယ်ငယ် ကျေးလက်လမ်း ကျောက်ချောခင်းခြင်းလုပ်ငန်းကို မတ်၃ရက်က အမှုဆောင်အရာရှိ ဦးထင်အောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးထွန်းနိုင်တို့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ပါကစ္စတန်နိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

ရန်ကုန် မတ် ၂၃

၂၀၀၆ ခုနှစ် မတ် ၂၃ ရက်တွင် ကျရောက်သော ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရှောကတ် အဇစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ရဲနွယ်ရေလှောင်တမံ

ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံကို တွေ့ရစဉ်။ (သတင်းစဉ်)

လျှပ်စစ်ဓာတ်အား ၂၅ မဂ္ဂါဝပ် ထုတ်ပေးနိုင်မည့် ရဲနွယ်ရေလှောင်တမံဖွင့်လှစ် လယ်မြေနှင့် သီးနှံစိုက်ဧက သုံးသိန်းငါးသောင်းကျော်ကို စိုက်ပျိုးရေပေးဝေနိုင်မည် ရဲနွယ်အပါအဝင် ဆည်တမံ ၁၈၄ ခု လယ်မြေဧက ၂၆ သိန်းခန့်ကို စိုက်ပျိုးရေပေးလျက်ရှိ

ရန်ကုန် မတ် ၂၂

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ယနေ့နံနက်ပိုင်းတွင် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုဖွင့်လှစ်သည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၁)က တာဝန်ယူ တည်ဆောက်ခဲ့သော ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်ရှိ ရဲနွယ်ရေလှောင်တမံ ဘက်စုံစီမံကိန်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ရဲနွယ်ရေလှောင်တမံ ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးသည်။

ရဲနွယ်ချောင်းရေလှောင်တမံဘက်စုံ စီမံကိန်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ဌေးဦး၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသန်းညွန့်၊ ဒုတိယဝန်ကြီးများ၊

စာမျက်နှာ ၁၁ ကော်လံ ၁ ●

မြန်မာ့အလင်း (၆၁)နှစ်မြောက်တပ်မတော်နေ့ကြိုဆိုဂုဏ်ပြု

❐ ခေတ်အဆက်ဆက်၌ နိုင်ငံတော်တွင် အရေးကိစ္စ ပေါ်ပေါက်ခဲ့သည့် အချိန်အခါတိုင်းတွင် တပ်မတော်သည် ပြည်သူလူထုရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့ပြီး အေးချမ်းသာယာသော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဆီသို့ လှမ်းချီရာတွင်လည်း တိုင်းရင်းသားပြည်သူတို့နှင့် လက်တွဲချီတက်လျက်ရှိ။

အထက်မင်းလှည္ညွန့်အောင်၏ ဆောင်းပါး (စာ-၆၊ ၇)

❐ **မတ်လ နွေပန်းချီ**

မြင်းမှူမောင်နိုင်မိုး၏ ကဗျာ (စာ-၆)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။